ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ စနေနေ့၊ (6-9-2003) (၃၉၈၅)

ဒါနဥစ္စ
တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေး ခရီး အလည်အပတ် ရောက်ရှိနေသော အိန္ဒိယ သမ္မတနိုင်ငံ ရေတပ်မတော်မှ **Chairman Chiefs of Staff Committee and Chief of Naval Staff Indian Navy Admiral Madhvendra Singh (PVSM, AVSM, ADC)** ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်ဦးစီးချုပ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Naval Staff Indian Navy, Admiral Madhvendra Singh (PVSM, AVSM, ADC) ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၂ ကော်လံ ၃ သို့ ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယ သမ္မတနိုင်ငံ ရေတပ်မတော်မှ **Chairman Chiefs of Staff Committee and Chief of Naval Staff Indian Navy Admiral Madhvendra Singh (PVSM, AVSM, ADC)** ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆-၉-၂၀၀၃
(စနေနေ့)

အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ရောက်ရှိရေး ကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့် တိုင်းများကို အခြေခံ၍ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ဖွံ့ဖြိုးရေး အထူးအစီအမံများဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

မကွေးဒေသကို ဖွံ့ဖြိုးရေးအထူးဒေသကြီးတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးရေးအထူးဒေသကြီး၏ ဂုဏ်ဒြပ်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြင့် ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာလ ၂ရက်နေ့က မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်၊ မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် မကွေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပေးဖွယ်ရာများကို မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်အတွင်း သက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံမှာကြားရာတွင် **အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်သို့ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဆိုပါက အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း မယိမ်းမယိုင် မတိမ်းမစောင်း ရောက်ရှိမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ ဒေသအသီးသီး၌ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနိုင်စေရန် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ယခုအခါတွင် တက္ကသိုလ်နှင့် ကောလိပ် ၁၅၄ ခုအထိ ဖြစ်ထွန်းနေပြီး တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ၊ ကျောင်းသားကိုးသိန်းနီးပါး ပညာသင်ယူလျက်ရှိနေကြပြီဖြစ်သည်။

ဆေးတက္ကသိုလ်များအနေဖြင့် ရန်ကုန်မြို့တွင် နှစ်ခု၊ မန္တလေးမြို့တွင် တစ်ခုရှိထားပြီးဖြစ်သော်လည်း ဆရာဝန်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ရေးအတွက် မကွေးဆေးတက္ကသိုလ်ကို ထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်သည်။ မကွေးဆေးတက္ကသိုလ်ကို ထပ်မံဖွင့်လှစ်ပေးရာတွင် သင်ကြားရေးအပိုင်း၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်း ကိရိယာများ၊ ရောဂါရှာဖွေမှု၊ ကုသမှု၊ ဆေးရုံသုံးပစ္စည်းကိရိယာများကို ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် တန်းတူရည်တူ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ဆေးတက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရာတွင် ရောဂါကုသမှု၊ ရောဂါရှာဖွေမှု အတွေ့အကြုံများ စုံစုံလင်လင်ရရှိနိုင်ရေးအတွက် မကွေးဆေးတက္ကသိုလ် ခုတင် ၂၀၀ဆံ့ သင်ကြားရေးဆေးရုံကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ သင်ကြားရေး ဆေးရုံသစ်တွင် အထူးကုဌာန ၁၇ ခုဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိနိုင်မည် ဖြစ်သည်။

မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအတွင်း ကျန်းမာကြံ့ခိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အလုံအလောက် မွေးထုတ်ပေးနိုင်မှသာ နိုင်ငံနှင့် လူမျိုးအတွက် အပြည့်အဝအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များကသာ မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်နှင့် စေတနာအပြည့်အဝ ထား၍ စွမ်းဆောင်ပေးနိုင်ကြမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်း၊ အခြေခံယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆီလျော်ညီညွတ်သော အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ထွန်းရေး မူဝါဒလုပ်ငန်းစဉ်များကို အခိုင်အမာချမှတ်ထားပြီဖြစ်သည်။

သို့ဖြစ်ရာ ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်သို့ ကိုယ့်အားကိုယ်ကိုး ရောက်ရှိနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သက်ဆိုင်ရာကဏ္ဍများအလိုက် အမျိုးသားရေးတာဝန်ကျေပွန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

☆ **ရှေ့ဖုံးမှ**

ထိုသို့ လက်ခံတွေ့ဆုံရာတွင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးကြည်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Naval Staff Indian Navy, Admiral Madhvendra Singh (PVSM, AVSM, ADC) ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia၊ စစ်သံမှူး Colonel Shakti Gurung တို့တက်ရောက်ကြသည်။ (သတင်းစဉ်)

သက်ကြီးဆရာဝန်များ ပူဇော်ပွဲ ရန်ပုံငွေရရှိရေးအတွက် ကူညီပံ့ပိုးပေးကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးကျူးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၃ခုနှစ် (၂၁)ကြိမ်မြောက် သက်ကြီးဆရာဝန်များပူဇော်ပွဲ ရန်ပုံငွေရရှိရေးအတွက် ကူညီပံ့ပိုးပေးကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးကျူးပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့၏ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

ဂုဏ်ပြုပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ရီရီလှနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူများ၊ ဂုဏ်ပြုခံပုဂ္ဂိုလ်များနှင့်အတူ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(အမျိုးသမီးအဖွဲ့) ဥက္ကဋ္ဌ ဒေါက်တာဒေါ်ရီရီလှက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(အမျိုးသမီးအဖွဲ့) ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးမြင့်သိန်းဖေ၊ "ငါ သူတစ်ပါး ယောကျ်ားမိန်းမ" ဇာတ်ကား ထုတ်လုပ်သူ ကြယ်တံခွန်ရုပ်ရှင် ထုတ်လုပ်ရေးမှ ဒေါ်စန်းစန်းဆွေ၊ "အဖေ" ဇာတ်ကား ထုတ်လုပ်သူပြည်ဖြိုးမြတ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးဖုန်းမော်၊ မင်္ဂလာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းနှင့် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ အကြံပေး ပုဂ္ဂိုလ် ဦးသိန်းဆိုင်တို့အား ဂုဏ်ပြုလွှာများ ချီးမြှင့်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီး ဆရာဝန်များ အဖွဲ့၏ ၂၀၀၃ခုနှစ်(၂၁)ကြိမ်မြောက် သက်ကြီးဆရာဝန်များ ပူဇော်ပွဲ ရန်ပုံငွေ ရရှိရေးအတွက် ကူညီပံ့ပိုးပေးကြသူများအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့၏ ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကူညီပံ့ပိုးပေးခဲ့သူတစ်ဦးအား ဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကိုယ်ပွားနှင့် သည်းထိတ်ရင်ဖို ဇာတ်လမ်းများဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

ကမ္ဘာကျော်စာရေးဆရာကြီး အဂ္ဂါအလန်ပိုး၏ Six Tales Of Fear ကို သက်ထွန်းလင်း(စက်မှုတက္ကသိုလ်) က ကိုယ်ပွားနှင့် သည်းထိတ်ရင်ဖို ဇာတ်လမ်းများဟု မြန်မာပြန်ဆိုပြီး ဆရာမောင်ထွန်းသူကအမှာစာရေးထားသည်။ စာအုပ်ကို ငြိမ်းချမ်း စာအုပ်တိုက် အမှတ် ၅၆၊၇ ပြည်ထောင်စုလမ်း (၆၄)ရပ်ကွက် စက်မှုဇုန်(၃) မြို့နယ်

သမရှေ့ တောင်ဒဂုံမြို့နယ် ဖုန်း-၆၆၀၁၄၅က ဖြန့်ချိထားကြောင်း သိရသည်။

(အပေါ်ပုံ) (က-ပ)

ဩဂုတ် ၃၀ရက်က အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ကမာရွတ်မြို့နယ်၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၃ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ်စာတမ်းဖတ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။ စာတမ်းဖတ်ပွဲတွင် ပညာတန်ဆောင်စာတည်း ဦးကျော်စိုးက "မြန်မာနိုင်ငံ စာတတ်မြောက်ရေးနှင့် ပညာတန်ဆောင်" စာတမ်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် သင်ပြနည်းပါမောက္ခ ဒေါ်ထူးထူးအောင်က "ကျောင်းပြင်ပ မူလတန်းပညာရေး" စာတမ်းနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပညာရေးသုတေသနအရာရှိ ဦးစောအောင်က "၂၀၀၃ ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။ စာတမ်းဖတ်ပွဲ အခမ်းအနားသို့ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

တီကရစ်ရှိ အမေရိကန်စစ်စခန်းများအား စိန်ပြောင်းဖြင့် တိုက်ခိုက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီး ထိခိုက်မှုသတင်းများ မသိရှိရသေး

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင် ၁၁၀ အကွာ တီကရစ်မြို့တွင် စက်တင်ဘာ ၃ ရက်က အမေရိကန်တပ်သားများက နေအိမ်တစ်အိမ်ကို စီးနင်းဝင်ရောက်ပြီး ကလေးငယ်တစ်ဦးအား နေအိမ်မှ လက်မြှောက်၍ အပြင်သို့ထွက်ခိုင်းစဉ်။ (အီရတ် အစိုးရအဖွဲ့ဟောင်းမှ တာဝန်ရှိသူတစ်ဦးရှိသည်ဟု သတင်းရရှိ၍ ယင်းသို့ ဝင်ရောက်ရှာဖွေသော်လည်း ၎င်းအားတွေ့ရှိခြင်းမရှိခဲ့ပေ။)

(ဓာတ်ပုံ-အင်တာနက်)

တီကရစ် စက်တင်ဘာ ၅

ဆက်ဒမ်ဟူစိန်၏ မွေးရပ်မြေ တီကရစ်ရှိ အမေရိကန်စစ်အခြေခံစခန်းသည် ဗုဒ္ဓဟူးနေ့က စိန်ပြောင်းများဖြင့် တိုက်ခိုက်ခံရကာ အမေရိကန်တပ်သားများသည် ဟမ်းဗီးကားများနှင့် သံချပ်ကာကားများပေါ်သို့ တက်ရောက်ပြီး တိုက်ခိုက်သူများအား ပြန်လည်တွန်းလှန်တိုက်ခိုက်ကြကြောင်းဖြင့် ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၅မိနစ်ကြာ တိုက်ခိုက်မှု ဖြစ်စဉ်အတွင်း အမေရိကန်စစ်သားများ သေဆုံးသူဦးရေနှင့် ပတ်သက်သည့် သတင်းချက်ချင်းမရရှိသေးပေ။ သို့ရာတွင် အမေရိကန်တပ်သားများက ယင်းတိုက်ပွဲတွင် အီရတ်နိုင်ငံသားတစ်ဦး သေဆုံးကြောင်း ပြောကြားသည်။

ပလူပျံ

တိုက်ကရစ် မြစ်ကမ်းနဖူးပေါ်ရှိ ဆက်ဒမ်ဟူစိန်၏ နန်းတော်ဟောင်းကို သိမ်းပိုက်ထားပြီး စစ်စခန်းအဖြစ် ဖွင့်ထားသည့် အဆိုပါအဆောက်အအုံအား စိန်ပြောင်းကျည်ဆန် ခြောက်လုံးဖြင့် ပလူပျံအောင် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ကင်းထောက်ကင်းလှည့်တပ်ဖွဲ့က အဆိုပါတိုက်ခိုက်သူများအား ပထမဆုံးတိုက်ခိုက်ခဲ့ပြီး အမေရိကန် ဟမ်းဗီးမော်တော်ယာဉ်များ၊ ဘရက်ဒလေတိုက်ခိုက်ရေးကားများနှင့် အပါချီရဟတ်ယာဉ်များက အားဖြည့်ကာ အဆိုပါတိုက်ပွဲဖြစ်ပွားရာသို့အပူတပြင်းသွားရောက် ကူညီတိုက်ခိုက်ကြသည်။ ၎င်းအမေရိကန်တပ်သားများမှာ ဒုံးပစ်လောင်ချာများ၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။

ထိန်လင်းလျက်ရှိ

အမေရိကန်တပ်သားများကပြန်လည်တိုက်ခိုက်နေစဉ် လမ်းကြောင်းပြ ကျည်ဆန်များ အသုံးပြုမှုကြောင့် ကောင်းကင်တစ်ခုလုံး ထိန်လင်းလျက်ရှိပြီး မြေပြင်ပေါ်ရှိ အရာဝတ္ထုများမှာ မီးလောင်ကျန်ရစ်စေသည်။

အဆုံးသတ်

အီရတ်ရှိအမေရိကန်စစ်သားများမှာ ဆက်ဒမ်ဟူစိန်ရာထူးမှ ဖယ်ရှားခံရပြီး ငါးလအတွင်း နေ့စဉ်နီးပါး အတိုက်ခိုက်ခံရလျက်ရှိပြီး အမေရိကန် အစိုးရက အီရတ်နိုင်ငံတွင် အဓိက တိုက်ပွဲကြီးများ အဆုံးသတ်သွားကြောင်း မေ ၁ ရက်က ကြေညာပြီးသည့် နောက်ပိုင်း အမေရိကန်စစ်သား ၆၇ဦး သေဆုံးခဲ့ပြီဖြစ်သည်။

ဆက်ဒမ်ဟူစိန်သည် တီကရစ်အနီးအနား ပတ်ဝန်းကျင်တစ်လျှောက်တွင် ပုန်းအောင်းနေသည်ဟု အမေရိကန်တပ်မှူးများက ယုံကြည်လျက်ရှိကြောင်း ပြောကြားသည်။

ရှာပုံတော်ဖွင့်

ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏ သစ္စာတော်ခံများအား သဲကြီးမဲကြီးလိုက်လံ ရှာပုံတော်ဖွင့်နေသည့် အမှတ်(၄) ခြေလျင်တပ်မမှ အမေရိကန်တပ်သားများသည် တီကရစ်နှင့် ၎င်းမြို့အနီး ပတ်ဝန်းကျင် ပြည်နယ်များအား ကင်းလှည့်ပြီး ရတ်တရက် ရှာဖွေမှုများ ရာချီ၍ ပြုလုပ်နေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ အသေးငယ်ဆုံး မိုက္ကရိုအိုင်စီချစ်(ပ်) ဂျပန် တီထွင်ထုတ်လုပ်

တိုကျို စက်တင်ဘာ ၄

ဂျပန်နိုင်ငံ ဟီတာချီ လျှပ်စစ်ကုမ္ပဏီက ကမ္ဘာ့ အသေးငယ်ဆုံးစွမ်းအားမြင့် မိုက္ကရိုအိုင်စီချစ်(ပ်)ကို တီထွင်ထုတ်လုပ်နိုင်ကြောင်း အင်္ဂါနေ့က ကြေညာခဲ့သည်။ ယခု ချစ်(ပ်)သည် ဝါယာကြိုးမဲ့ဆက်သွယ်ရေးလုပ်ငန်းများအတွက် ပြင်ပ အန်တင်နာမလိုဘဲ အသုံးပြုနိုင်ကြောင်း သိရသည်။ ၎င်းသည်သုည ဒသမ ၄စတုရန်းမီလီမီတာသာရှိပြီး ပါးလွှာသည့်အတွက် မြူပ်နှံအသုံးပြုနိုင်ကာ လုံခြုံမှုမြင့်မားသည်။အတုအပမပြုလုပ်နိုင်စေရန်ယခုကဲ့သို့အရည်အသွေးမြင့်ချစ်(ပ်)ကို တီထွင်ဖန်တီးခြင်းဖြစ်သည်။ လာမည့် ၂၀၁၀ ပြည့်နှစ်တွင်မိုက္ကရိုအိုင်စီချစ်(ပ်)များဈေးကွက်တွင် ထုတ်လုပ်သုံးစွဲမှုဒေါ်လာဘီလျံ ၂၆၀ ခန့်ထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။ ***အင်န်အိပ်ချ်ကေ။***

အီရတ်နိုင်ငံအား ကြာရှည်စွာ သိမ်းပိုက်ထားမည်ဆိုပါက အမေရိကန်တပ်ဖွဲ့အား တွန်းလှန်တိုက်ခိုက်ရန် သတိပေး

ဘေရွတ် စက်တင်ဘာ ၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် ဗြိတိသျှတပ်သားများ ကြာရှည်လေးမြင့်စွာ သိမ်းပိုက်ထားပါက အီရတ်နိုင်ငံသား ရှီးယားမွတ်စလင်များ အနေဖြင့် ၎င်းတပ်သားများအား လက်နက်ကိုင်တော်လှန်ကြရန် လက်ဘနွန်နိုင်ငံမှ ထိပ်တန်း ရှီးယားမွတ်စလင် ဘာသာရေးခေါင်းဆောင်တစ်ဦးက သတိပေးလိုက်သည်။

လိုအပ်

အီရတ်နိုင်ငံသား ရှီးယားနိုင်ငံရေး ခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင်များ အနေဖြင့် အီရတ်နိုင်ငံ သိမ်းပိုက်မှုကို ဖယ်ရှားရေးအတွက် စည်းလုံးညီညွတ်ကြရန်လိုအပ်ကြောင်းနှင့်အမေရိကန်နှင့် ဗြိတိသျှတပ်သားများအား အီရတ်နိုင်ငံမှ ထွက်ခွာသွားရေး လူထုအားလုံ့ဆော်ကြရန် အယာတိုလာ ရိုတ်မိုဟာမက်ဟူစိန်ဖက်လယ်လာက ပြောကြားသည်။

နှိုးဆော်

ပြီးခဲ့သည့် ကာလအထိ အမေရိကန် ဆန့်ကျင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် ရည်မှန်းချက်များ မရှိသေးကြောင်း၊ မိမိတို့အနေဖြင့် ရှီးယားမွတ်စလင်ခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင်များ၏ ပြောကြားချက်များကို လေ့လာစူးစမ်းရာတွင် အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှု ဖယ်ရှားရေးနှင့် အီရတ် သိမ်းပိုက်ရေးတပ်သားများအား အီရတ်နိုင်ငံမှ ထွက်ခွာရေး နှိုးဆော်ရာတွင် တစ်လေ သံတည်း ညီညွတ်နေသည်ဟု သိရှိရကြောင်း ဖက်လယ်လာက လက်ဘနွန်နိုင်ငံမှ ရုပ်မြင်သံကြား သတင်းဌာနက မေးမြန်းရာတွင် ပြောကြားသည်။

အီရတ်နိုင်ငံသူ၊ နိုင်ငံသားများအား ထိခိုက်စေမည့် အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှု ဆက်လက်ကြာမြင့်နေပါက ၎င်းအမေရိကန်တပ်သားများအား တွန်းလှန်တိုက်ခိုက်ရာတွင် ပူးပေါင်းပါဝင်မည့်အချိန်သည် မဝေးတော့ကြောင်း၊ အီရတ်နိုင်ငံသားများ၏ လွတ်လပ်ရေးကို အဟန့်အတား ပြုနေရာတွင် လက်နက်သဖွယ်အသုံးချလာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အသက်(၆၇)နှစ်ရှိဖက်လယ်လာသည် ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ဆက်ဒမ်ဟူစိန်အစိုးရအဖွဲ့ဟောင်းနှင့် အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်တိုက်ခိုက်မှု နှစ်ခုစလုံးကို ဆန့်ကျင်ခဲ့သူဖြစ်သည်။***အင်တာနက်။***

အီရတ် လက်နက်အစီအစဉ် မှတ်တမ်းမှုကြမ်း ဒေါက်တာကယ်လီ ပြင်ဆင်ခဲ့မှုများရှိဟု ဆို

လန်ဒန် စက်တင်ဘာ ၄

အီရတ်စစ်လက်နက် အစီအစဉ်ထုတ်ဝေရေးအတွက် ပြင်ဆင်ရာတွင် ဒေါက်တာကယ်လီကိုယ်တိုင် ပါဝင်ခဲ့သည့် အဖြစ်ကို ဗြိတိန်ကာကွယ်ရေးဌာန တန်ပြန်လက်နက် ပြန့်ပွားမှုထိန်းချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ဒေါက်တာကယ်လီ သေဆုံးမှု စုံစမ်းစစ်ဆေးရေးအဖွဲ့ရှေ့မှောက်တွင် ကြာသပတေးနေ့က ထုတ်ဖော်အစစ်ခံလိုက်သည်။

အဆိုပါ အမည်မဖော်လိုသူ တန်ပြန်လက်နက်ပြန့်ပွားမှု ထိန်းချုပ်ရေးအဖွဲ့ဝင်က ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဗြိတိန်သိပ္ပံပညာရှင် ဒေါက်တာကယ်လီသည် အီရတ် လက်နက်မှတ်တမ်း အပြီးသတ်မူကြမ်းတွင် အချက် ၁၄ ချက် ပြင်ဆင်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုသည်။

ထွက်ဆို အစစ်ခံ

ထုတ်ပြန်ကြေညာခြင်းမပြုမီ ငါးရက်အလို စက်တင်ဘာ ၁၉ ရက်တွင် မှတ်တမ်းနောက်ဆုံးမူကြမ်းကို တစ်မျက်နှာချင်း အချက်အလက် အကြောင်းအရာများ စစ်ဆေးရေးအတွက် ကာကွယ်ရေးဌာနမှ မိမိတို့အဖွဲ့ဝင်တစ်စုသည် ဒေါက်တာကယ်လီအား တွေ့ဆုံခဲ့ကြောင်းဖြင့် အဆိုပါ အရာရှိကထွက်ဆို အစစ်ခံသွားသည်။

ဒေါက်တာကယ်လီ မသေဆုံးမီ ရက်သတ္တပတ်က ၎င်း၏နေအိမ်သို့ ရောက်လာစဉ် ဒေါက်တာကယ်လီမှာ စိတ်အနှောင့်အယှက် ဖြစ်နေပုံရကြောင်းဖြင့်လည်း ၎င်းက ပြောဆိုသည်။

ဒေါက်တာကယ်လီ သေဆုံးမှုမှာ ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်ဟု ခံစားမိပါကြောင်း ၎င်းက ဆက်လက် ထွက်ဆိုလိုက်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

စပိန်ဘောလုံးပွဲ

စက်တင်ဘာ ၃ ရက်က ကျင်းပသည့် စပိန်အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲတွင် ဒီပိုတီဗိုကော်ရူနာ အသင်းမှ ဒီယေဂိုထရစ်စတန်က အက်တလဲတစ် ဘီဘာအိုဘောလုံးအသင်းမှ ကစားသမားနှစ်ဦးကြားမှ ဘောလုံးကို သယ်ယူလာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် ပြန်လည်ထူထောင်ရေးတွင် ကုလသမဂ္ဂ အခန်းကဏ္ဍ အရေးပါ မတည်မငြိမ် ဖြစ်ပေါ်နေမှုကို အမေရိကန်တပ်ဖွဲ့ မတားဆီးနိုင်

ဘေဂျင်း စက်တင်ဘာ ၅

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံတွင် မင်းမဲ့စရိုက်များ ဖြစ်ပေါ်မှုကို ထိထိရောက်ရောက် တားဆီးကာကွယ်နိုင်ခြင်း မရှိသဖြင့် စစ်ပြီးခေတ်လွန်ကာလ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ချိုင်းနားဒေလီသတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အင်္ဂါနေ့က ရဲတပ်ဖွဲ့ ခြံဝင်းတစ်ခု၌ ကားဗုံးပေါက်ကွဲခဲ့ရာ ရဲအရာရှိတစ်ဦး သေဆုံးပြီး ၂၈ဦး ဒဏ်ရာရရှိသည်။ ယင်းတိုက်ခိုက်မှုသည် အမေရိကန်က ခန့်အပ်သော ရဲချုပ် ဟက်ဆန်အလီ၏ ရုံးအား တိုက်ခိုက်ပုံရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ညွှန်းဆိုနေ

အီရတ်နိုင်ငံရှိ အရေးကြီးသောနေရာဌာနများအား ကားဗုံးဖြင့် တိုက်ခိုက်မှုမှာ တစ်လအတွင်း လေးကြိမ်ရှိခဲ့ပြီဖြစ်သည်။ အီရတ်နိုင်ငံတွင် စစ်ပြီးခေတ်လွန်ကာလ အခြေအနေများ ဖြစ်ပေါ်လျက်ရှိရာတွင် ကျူးကျော်သိမ်းပိုက်ထားသော အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့အနေဖြင့် ၎င်းကိုယ်၎င်း ကာကွယ်နိုင်ခြင်း မရှိသလို အများပြည်သူလူထုကိုလည်း ကာကွယ်ပေးနိုင်မှု မရှိပုံကို ယင်းတိုက်ခိုက်မှုများက ညွှန်းဆိုနေကြောင်း ချိုင်းနားဒေလီသတင်းစာက ရေးသားဖော်ပြသည်။

လိုလား

မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးအဆောက်အအုံကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကမ္ဘာ့နိုင်ငံများက ဒေါသထွက်ခဲ့ကြရာ အီရတ်နိုင်ငံတွင် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့အင်အားတိုးချဲ့နိုင်စေမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်ရေးအတွက် အားပေးထောက်ခံမှုပိုမိုများလာမည်ဟု မျှော်လင့်ရသည်။ အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်စေရန်နှင့် တည်ငြိမ်မှုပိုမိုဖြစ်ပေါ်စေရန် အခြားသောနိုင်ငံများက ပါဝင်ကူညီရေးကို အမေရိကန်နိုင်ငံက လိုလားလျက်ရှိသည်။

သံသယပွားနေဆဲ

သို့ရာတွင် အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်သော အခွင့်အာဏာကို အခြားနိုင်ငံများသို့ လိုက်လျောပေးရန် လိုလားခြင်း မရှိပေ။ အီရတ်နိုင်ငံအား အမေရိကန်က ထိန်းချုပ်ထားမှု တရားဝင်ဖြစ်မှုမှာ သံသယပွားနေရဆဲဖြစ်ကြောင်း အဆိုပါ ဆောင်းပါးတွင် ဆက်လက်ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝင်ရောက်ရှာဖွေ

စက်တင်ဘာ ၃ ရက်က ဘဂ္ဂဒက်မြို့အနီး နေအိမ်တစ်အိမ် အတွင်းသို့ အမေရိကန် စစ်ရဲများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ စီးနင်းဝင်ရောက်ရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အပူပိုင်းမုန်တိုင်းကျရောက် တရုတ်ပြည်တောင်ပိုင်း မိုးသည်းထန်

ဟောင်ကောင် စက်တင်ဘာ ၅

အင်အားပြင်းသော တိုင်ဖွန်းမုန်တိုင်းအဖြစ်မှ လျင်မြန်စွာ အားလျော့လာသည့် အပူပိုင်းမုန်တိုင်းကြောင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် ဗုဒ္ဓဟူးနေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

လေးနှစ်အတွင်း အင်အားအပြင်းထန်ဆုံးဖြစ်သည့် အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် ဟောင်ကောင်သို့ တိုက်ရိုက်ဝင်ရောက်တိုက်ခတ်မည့် အန္တရာယ်မှ ပွတ်ကာသီကာ လွဲသွားခဲ့ပြီး ကီလိုမီတာ ၃၀အကွာမှ ဖြတ်သန်းသွားခဲ့သည်။ ယခုအခါ အဆိုပါမုန်တိုင်းသည် အားပျော့သွားပြီး အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းသွားခဲ့သည်။

အဆိုပါ မုန်တိုင်းကြောင့် အင်္ဂါနေ့ညနေပိုင်းက ဟောင်ကောင်၌ လေပြင်းများတိုက်ခတ်ခဲ့ပြီး လူ ၂၀ဒဏ်ရာရရှိခဲ့သည်။၁၉၉၉ ခုနှစ်အတွင်း ဟောင်ကောင်၌ ယော့(က်)အမည်ရှိ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး လူ ၅၀၀ကျော်ဒဏ်ရာ ရရှိခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စစ်ပြီးကာလ အီရတ်၌ မငြိမ်မသက် ဖြစ်မှုများ အမေရိကန်တို့ ငြိမ်းချမ်းရေးအစီအစဉ် ညံ့၍ဖြစ်

ဝါရှင်တန် စက်တင်ဘာ ၃

စစ်ပြီးခေတ် အီရတ်တွင် မငြိမ်မသက် ဖြစ်ရခြင်းမှာ အီရတ်နိုင်ငံအတွင်း ကျူးကျော် မတိုက်ခိုက်မီကပင် အလျင်စလို စီစဉ်ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အမေရိကန် ပူးတွဲစစ်ဦးစီးအဖွဲ့အတွက် ကြိုတင်ပြင်ဆင်ထားသော အစီရင်ခံစာ တစ်စောင်က ထောက်ပြထားကြောင်း အမေရိကန်ကာကွယ်ရေးဌာန အရာရှိများက ဗုဒ္ဓဟူးနေ့တွင် ပြောဆိုသည်။

အမေရိကန် တပ်မှူးများသည် အီရတ်စစ် အနိုင်တိုက်ရေးအတွက် ပြင်ဆင်ခြင်းဖြင့် လွန်စွာအလုပ်များပြီး အဆင့်(၄)ငြိမ်းချမ်းရေးလုပ်ငန်းအတွက် အချိန်လုံလောက်စွာ မပြင် ဆင်ဘဲ တိုက်ခိုက်ရန် ညွှန်ကြားခဲ့ကြောင်းဖြင့် စစ်ပွဲ၏ သင်ခန်းစာများအပေါ် သုံးသပ်သည့် သက်ဆိုင်သူသာ ဖတ်ခွင့်ရှိသော အစီရင်ခံစာက ဖော်ပြထားသည်ဟု အရာရှိများက ပြောဆိုသည်။

အစီရင်ခံစာက အီရတ်နိုင်ငံ၌ ယခုတိုင်အောင် လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ ရှာဖွေမှုအရာမရောက်သည့် ကြိုးပမ်းရန် စီမံခြင်းကိုလည်း ရစရာမရှိအောင် ဝေဖန်ထားသည်။

အဓိကဆင်ခြေ

အဆိုပါ ဓာတုနှင့် ဇီဝပိုးမွှား လက်နက်များ၏ အန္တရာယ်မှာ အီရတ်နိုင်ငံကို စစ်ဆင်တိုက်ခိုက်ရန် အမေရိကန်သမ္မတဘုရှ်နှင့် အမေရိကန်စစ်ဌာနချုပ်တို့က ပေးခဲ့သော အဓိကဆင်ခြေပင်ဖြစ်သည်။

ဤအစီရင်ခံစာမှာ သွေးထွက်အောင်မှန်ကန်ပွင့်လင်းသော အစီရင်ခံစာဖြစ်ကြောင်း အမည်မဖော်လိုသည့် အရာရှိတစ်ဦးက ရိုက်တာသို့ ပြောကြားလိုက်သည်။

အတည်မပြုရသေး

ဝါရှင်တန်ပို့စ် သတင်းစာတွင် ဗုဒ္ဓဟူးနေ့က ပထမဆုံး ဖော်ပြသည့် ထိုသုံးသပ်ချက်ကို ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံ၏ထိပ်တန်းစစ်အရာရှိ လေတပ်ဗိုလ်ချုပ်ကြီး ရစ်ချက်မိုင်ယာက ယခုအထိ အတည်မပြုရသေးဟုဆိုသည်။

အီရတ်နိုင်ငံ၌ အမေရိကန်စစ်သားများသည် ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် နေ့စဉ် အသေအပျောက်ရှိပြီး ယခုအခါတွင် စစ်ပြီးကာလ သေဆုံးသူဦးရေမှာ စစ်ပွဲအတွင်းက သေဆုံးသူ ဦးရေထက်ပင် ပိုမို များပြားလာပြီဖြစ်သည့်အလျောက် အမေရိကန်သမ္မတ ဘုရှ်အစိုးရအား အမေရိကန် ကွန်ဂရက်အမတ်များ ပိုမိုပြင်းထန်စွာ ဝေဖန်ထောက်ပြလာကြသည်။ ***အင်တာနက်။***

ငှက်မျိုးစိတ် ၂၀၀၀ကျော်

အိန္ဒိယတိုက်ငယ်တွင် ကျယ်ပြန့်လှသော ဒေသ၌ တောရိုင်းတိရစ္ဆာန် ငှက်မျိုးစိတ်ပေါင်း ၂၀၀၀ ကျော်ရှိသည်။ (ဓါပုံတွင် နယူးဒေလီ တိရစ္ဆာန်ရုံတွင် ပျော်မြူးနေသည့် ငှက်ကျားနှစ်ကောင်ကို စက်တင်ဘာ၂ရက်က တွေ့ရစဉ်။) *(ဓာတ်ပုံ-အင်တာနက်)*



ကမ္ဘာ့အသေးငယ်ဆုံး မိုက်ခရိုစကုပ် တီထွင်

ကာလကတ္တား စက်တင်ဘာ ၄

ကမ္ဘာ့အသေးငယ်ဆုံး အိတ်ဆောင်အဏုကြည့်မှန်ပြောင်း (မိုက်ခရိုစကုပ်)ကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ သိပ္ပံပညာရှင်တစ်ဦးက တီထွင်ခဲ့ပြီး မကြာမီ ဈေးကွက်တင် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုက်ခရိုစကုပ်ကို တီထွင်သူမှာ ရာမန်ဒရဲလ်မူခါဂျီ ဆိုသူဖြစ်သည်။

ယင်း မိုက်ခရိုစကုပ်၏ မှန်ဘီလူးအား အထူးပြုလုပ်ထားပြီး ပြည်နယ် အစိုးရက ထိုကိရိယာကို ဈေးကွက်တင်ရောင်းချနိုင်ရန် အားပေးလျက်ရှိသည်။ အလေးချိန် ၁၅၀ ဂရမ်ရှိသော ယင်းအိတ်ဆောင် မိုက်ခရိုစကုပ်အား ကျောင်းသားများကို တစ်လက်လျှင် ရူပီး ၇၅၀ ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အမ်အင်အေ၊ပီတီအိုင်။

ဘလက်စတာဗိုင်းရပ်စ် ရေးဆွဲသူ လူငယ် ဖော်ထုတ်ဖမ်းဆီး

ဘူခါရက် စက်တင်ဘာ ၄

ဘလက်စတာ ကွန်ပျူတာဗိုင်းရပ်စ်ကို ရေးဆွဲခဲ့သော အသက် (၂၄) နှစ်ရှိ ရိုမေးနီးယားနိုင်ငံသား တစ်ဦးကို သက်ဆိုင်ရာက ဖမ်းဆီးထားကြောင်း သိရသည်။ ဘလက်စတာသည် ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာများကို ဖျက်ဆီးခဲ့သော ဗိုင်းရပ်စ်မျိုးကွဲတစ်ခုဖြစ်သည်။

ပျက်စီးခဲ့ရ

ကွန်ပျူတာဗိုင်းရပ်စ်သင်္ကေတထဲတွင် ၎င်း၏အမည်ဝှက်ကို သက်ဆိုင်ရာက တွေ့ရှိပြီး ယခုလို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း အမေရိကန်ပြည်ထောင်စုမှ အသက်(၁၈)နှစ်ရှိ လူငယ်တစ်ဦးကို ဘလက်စတာဗိုင်းရပ်စ်များ ပျံ့နှံ့စေမှုဖြင့် သက်ဆိုင်ရာက ဖမ်းဆီးခဲ့သေးသည်။ လွန်ခဲ့သည့်လက ဘလက်စတာဗိုင်းရပ်စ်ကြောင့် ဝင်းဒိုးမိုက္ကရိုဆော့ဖ်စနစ်သုံး ကွန်ပျူတာ ထောင်ပေါင်းများစွာ ဗိုင်းရပ်စ်ကူးစက်ပြီး ပျက်စီးခဲ့ရသည်။ ***စီအင်န်အင်န်။***

ကျူးကျော်သိမ်းပိုက်သည့်တပ်များရှိနေသမျှ ကာလပတ်လုံး အီရတ်နိုင်ငံ၏ အနာဂတ်အလားအလာ မကောင်းနိုင်

တီဟီရန် စက်တင်ဘာ ၄

ဂျော်ဒန်နိုင်ငံမှ ဒုတိယမြောက် အဗ္ဗဒူလာဘုရင်သည် အီရန်နိုင်ငံသို့ အလည်အပတ်ရောက်နေစဉ် အီရန်နိုင်ငံ ခေါင်းဆောင် အယာတိုလာဆေးရက်အလီခါမေနီနှင့် တွေ့ဆုံရာ၌ အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေးတပ်များရှိနေသမျှ ယင်းနိုင်ငံ၏အနာဂတ်မှာ ကောင်းမွန်ဖွယ်ရာမရှိကြောင်း ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ အခြေအနေမှာ အမှန်ပင်စိုးရိမ်စရာဖြစ်ကြောင်း၊ ထိုနိုင်ငံသည် ဗြိတိသျှနှင့် အမေရိကန်သိမ်းပိုက်ရေးတပ်များလက်အတွင်း၌ရှိနေသမျှ နိုင်ငံ၏ အနာဂတ်မှာ အလားအလာကောင်းမည် မဟုတ်ကြောင်း၊ အီရတ်နိုင်ငံအတွင်းမှ သိမ်းပိုက်ရေးတပ်ဖွဲ့များ အမြန်ထွက်သွားပြီး အီရတ်ပြည်သူများလက်အတွင်းသို့ အာဏာ ပြန်လည်အပ်နှင်းနိုင်သောအခါမှသာ အလားအလာ ကောင်းမည်ဖြစ်ကြောင်း ဂျော်ဒန်ဘုရင် ပြန်လည်ထွက်ခွာခါနီးတွင် ခါမေနီက ပြောကြားသည်ဟု ဆိုသည်။

အီရန်နိုင်ငံခေါင်းဆောင်က ပါလက်စတိုင်းပြဿနာနှင့် ပတ်သက်၍လည်း ဗုဒ္ဓဟူးနေ့က ဝေဖန်ပြောကြားခဲ့သေးသည်။ ၎င်းက ပါလက်စတိုင်းများအတွက် ခုခံနေခြင်းသည် နိုင်ငံတစ်နိုင်ငံတည်းအတွက် ခုခံနေရသော ပြဿနာမဟုတ်၊ အခြေခံအစ္စလာမ်ဝါဒနှင့် အာရပ်ကမ္ဘာအတွက် ခုခံနေရခြင်းပင်ဖြစ်သည်။ လွန်ခဲ့သော အနှစ် ၅၀ တစ်လျှောက်လုံး အမေရိကန်တို့သည် ဇီယွန်ဝါဒီများဘက်ကသာ ရပ်တည်ခဲ့ကြောင်း ပြောကြားသွားသည်။

ဂျော်ဒန်ဘုရင်၏ အီရန်နိုင်ငံခရီးစဉ်သည် ၂၅ နှစ်အတွင်း ပထမဦးဆုံးအကြိမ် လာရောက်သည့် ခရီးစဉ်ပင်ဖြစ်သည်။ နှစ်ရက်ကြာ ခရီးစဉ်အတွင်း ဂျော်ဒန်ဘုရင်သည် အီရန်သမ္မတ မိုဟာမက်ခါတာမီ၊ နိုင်ငံခြားရေးဝန်ကြီး ခါမေလ်ခါရာဇီနှင့် အခြားဝန်ကြီးအများအပြားနှင့်လည်း တွေ့ဆုံခဲ့သည်။

ဂျော်ဒန်ဘုရင်၏ ယခုခရီးစဉ်ကို နှစ်နိုင်ငံစလုံးက နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်ထားသည်။ ၁၉၈၀–၁၉၈၈ ခုနှစ် အီရန်–အီရတ်စစ်ပွဲအတွင်း အီရတ်နိုင်ငံဘက်မှ ဂျော်ဒန်က ထောက်ခံမှုပေးခဲ့သဖြင့် ယခုဘုရင်ဒုတိယအဗ္ဗဒူလာ၏ ဖခင်ဖြစ်သူ ဘုရင်ဟူစိန်ကို ဝေဖန်ပြစ်တင်ခဲ့သည်။ အီရန်နှင့် ဂျော်ဒန် ဆက်ဆံရေးမှာလည်း ၁၀ နှစ်တာ ပြတ်တောက်ခဲ့ရပြီး ၁၉၉၁ ခုနှစ်တွင်မှ ပြန်လည်၍ ဆက်ဆံရေးထူထောင်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျော်ဒန်ဘုရင် ဒုတိယအဗ္ဗဒူလာသည် ဖခင်၏အရိုက်အရာကို ဆက်ခံခဲ့သည်။ ထို့နောက်ပိုင်းတွင် ဂျော်ဒန်နှင့် အီရန်ဆက်ဆံရေး သိသိသာသာ တိုးတက်ခဲ့သည်။ သို့သော် လွန်ခဲ့သောနှစ်က သံတမန်ရေးရာများကြောင့် တင်းမာမှုဖြစ်ပေါ်ခဲ့သေးသည်ဟု ဆိုသည်။

အင်တာနက်။

ကင်းလှည့်

စက်တင်ဘာ ၃ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့၌ ကင်းလှည့်နေသည့် ဗြိတိသျှတပ်သားတစ်ဦးက သံချပ်ကာယာဉ်တစ်စီး၏ နောက်ဘက်တံခါးကို ဖွင့်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၌ စစ်ဆန့်ကျင်ရေးဆန္ဒပြရန် စီစဉ်နေ အိမ်ဖြူတော်နှင့် ပင်တဂွန်စစ်ဌာနချုပ်သို့ ချီတက်ကြမည်

ဝါရှင်တန် စက်တင်ဘာ ၄

လာမည့်အောက်တိုဘာလတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်၌ အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များရှိနေသည်ကို ဆန့်ကျင်သူများက ကန့်ကွက်ဆန္ဒပြကြရန် စီစဉ်နေကြကြောင်း စည်းရုံးလှုပ်ရှားနေသူများက ပြီးခဲ့သော ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

စည်းရုံးလှုပ်ရှားနေသော အဖွဲ့အစည်း၏အမည်မှာ အန်စာညွှန့်ပေါင်းအဖွဲ့ဖြစ်သည်။ အန်စာညွှန့်ပေါင်းအဖွဲ့၏ အဓိပ္ပာယ်အရည်မှာ စစ်ပွဲနှင့်လူမျိုးရေးခွဲခြားမှုကို ချက်ချင်းရပ်စဲရေးဟု အဓိပ္ပာယ်ရသည်။ ထိုအဖွဲ့၏ စည်းရုံးမှုကြောင့် ဇန်နဝါရီလ၊ မတ်လနှင့်ဧပြီလများအတွင်းက စစ်ဆန့်ကျင်ရေးသမားများထောင်နှင့်ချီ၍ ဝါရှင်တန်တွင် စုရုံးပြီး ဆန္ဒပြခဲ့ကြသေးသည်။

စည်းရုံးလှုပ်ရှား

လာမည့်အောက်တိုဘာ ၂၅ ရက်တွင်ပြုလုပ်မည့် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ၌ ဆန္ဒပြသူများသည် တရားရေးဌာန၊ အိမ်ဖြူတော်နှင့် အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်များဆီသို့ ချီတက်ဆန္ဒပြကြမည်ဖြစ်သည်။ နေရှင်နယ်ပတ်ဥယျာဉ်ဌာနက စစ်ဆန့်ကျင်ရေး စည်းရုံးလှုပ်ရှားသူများသည် အင်အား ၁၀၀၀၀ ပါဝင်သော ဆန္ဒပြခွင့် ခွင့်ပြုချက်ရရှိရန် ကြိုးစားနေကြကြောင်း ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှုဗဟိုအဖွဲ့သည် အန်စာညွှန့်ပေါင်းအဖွဲ့နှင့် ပူးပေါင်းလှုပ်ရှားနေသော စစ်ဆန့်ကျင်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ထိုအဖွဲ့မှ စည်းရုံးညှိနှိုင်းသူ ဘရိုင်ရင်ဘောကာက ကျွန်တော်တို့သည် နိုင်ငံရေးနှင့်မသက်ဆိုင်သောသူများဖြစ်ပြီး အီရတ်စစ်ပွဲကြောင့် စိတ်ဆင်းရဲနေရသူများကို ဆန္ဒပြပွဲတွင် ပါဝင်လာစေရန် စည်းရုံးဆွေးနွေးနေကြခြင်းဖြစ်ပါသည်။

အီရတ်သို့ သွားရောက်တာဝန်ထမ်းဆောင်နေသူများ၏ မိသားစုဝင်များသည် ဖြစ်ပေါ်နေသော အခြေအနေများကြောင့် များစွာဒေါသထွက်နေရပြီး အခြေအနေကို စိတ်ကုန်နေကြပြီဖြစ်၍ ကျွန်တော်တို့နှင့် ပူးပေါင်းလာကြမည်ဟု မျှော်လင့်သည်။ ယင်းမိသားစုဝင်များသည် ဆန္ဒပြရာ၌ တပ်ဖွဲ့ဝင်များကို အမေရိကန်သို့ ပြန်ခေါ်ပေးဟု တောင်းဆိုမည့်သူများဖြစ်သည်ဟု ဘောကာက ပြောကြားသွားသည်။ ဆန္ဒပြသမားများ လိုက်ပါလာသော ဘတ်စ်ကားအနည်းဆုံး အစီး ၅၀ တို့သည် အမေရိကန်နိုင်ငံတစ်ဝန်းနှင့် ကနေဒါနိုင်ငံများမှ ဝါရှင်တန်သို့ ရောက်လာကြဖွယ်ရာရှိသည်ဟု စည်းရုံးလှုပ်ရှားနေသူက ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်သို့ အကူအညီပေးရေး လုံခြုံရေးအခြေအနေကောင်းမွန်ရန်လို

ဘရပ်ဆယ် စက်တင်ဘာ ၄

အီရတ်နိုင်ငံ၏ စစ်ပြီးကာလ ပြန်လည်တည်ဆောက်ရေးအတွက် ဒေါ်လာသန်း ထောင်ပေါင်းများစွာပါဝင်သော ရန်ပုံငွေ တည်ထောင်ရန်အတွက် အလှူရှင်နိုင်ငံများသည် ဘရပ်ဆယ်မြို့၌ ဗုဒ္ဓဟူးနေ့က တွေ့ဆုံခဲ့ကြပြီး အီရတ်နိုင်ငံ၏ ယိုယွင်းနေသည့် လုံခြုံရေးအခြေအနေအပေါ် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လာမည့် အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်ထိ ကျင်းပမည့် အစည်းအဝေးတွင် အီရတ်နိုင်ငံ ပြန်လည်တည်ထောင်ရေး ရန်ပုံငွေ မည်မျှထည့်ဝင်မည်ကို အဆိုပါ အလှူရှင်တိုင်းပြည်များက မပြောကြားခဲ့ပေ။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်ပမာဏနှင့် ရန်ပုံငွေကို အီရတ်နိုင်ငံသို့ မည်သို့ လွှဲပြောင်းပေးရမည်ကို ယင်းနိုင်ငံများက ဝေခွဲမရဖြစ်နေသေးသည်။

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်တက်လာသဖြင့် အကူအညီပေးရေး အေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ဝန်ထမ်းအင်အား လျှော့ချမှုကို ဦးတည်စေသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာသတင်းများ

တရုတ်ပြည် ဘေဂျင်းမြို့တော်ရှိ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နေသည့် ရှေးဟောင်းနန်းတော်အတွင်း စက်တင်ဘာ ၂ ရက်က လှည့်လည်လေ့လာနေသည့် တရုတ်အမျိုးသားတစ်ဦးနှင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တစ်ဦးတို့အား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ရှိ အမေရိကန်စစ်သည်များ ကြိတ်မနိုင်ခဲမရဖြစ်နေ အခြားနိုင်ငံများက သိမ်းပိုက်ရေးတာဝန် မျှဝေယူရန်လိုလား

တီကရစ်(အီရတ်) စက်တင်ဘာ ၄

အမေရိကန်စစ်သားများသည် အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ခုခံတိုက်ခိုက်မှုများကို ဆက်လက်၍ ကြိတ်မနိုင်ခဲမရဖြစ်လျက်ရှိပြီး နေ့တိုင်းနီးပါး သေဆုံးမှုများကြောင့် စိုးရိမ်ပူပန်ကာ အီရတ်နိုင်ငံ သိမ်းပိုက်ရေး တာဝန်အား မျှဝေတာဝန်ယူရန်အတွက် အခြားနိုင်ငံများမှ တပ်သားများ အီရတ်သို့လာရောက်စေရန် တောင့်တလျက်ရှိသည်။

တီကရစ်မြို့တွင် အပြင်ထွက်ရသည်မှာ ရူးမိုက်သည့်လုပ်ရပ်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့ မည်သည့်နေရာမှ မသွားချင်ကြောင်း၊ တီကရစ်အခြေစိုက်တပ်ကြပ်ကြီး မိုက်ကယ်အီဗန်က မကြာမီကဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများနှင့် အီရတ်ရှိ အမေရိကန်ဦးဆောင်တပ်များအား ပြောက်ကျားသဏ္ဌာန်တိုက်ခိုက်မှုများအား ညွှန်းဆိုပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ၏ ကျန်ဒေသများက မိမိတို့အား အင်အားဖြည့်ပေးရန် အချိန်ရောက်နေပြီဖြစ်ကြောင်း၊ မိမိတို့ အီရတ်နိုင်ငံအတွက် အရင်းအနှီးမြောက်မြားစွာ ပေးဆပ်လျက်ရှိကြောင်း၊ မိမိတို့တပ်အင်အား လျှော့ချပြီး အခြားတပ်များ လာရောက်စေချင်ကြောင်း မိုက်ကယ်အီဗန်က ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်သား ၁၅၀၀၀၀ ခန့် စတည်းချလျက်ရှိရာ အခြားနိုင်ငံများမှ တပ်သား ၂၀၀၀၀ ပံ့ပိုးထားပြီး တပ်သား ၁၁၀၀၀ မှာ ဗြိတိသျှတပ်သားများဖြစ်သည်။ ဝန်ထမ်းပိုင်းဆိုင်ရာ စရိတ်စကနှင့် ဘဏ္ဍာရေးဆိုင်ရာ ကုန်ကျမှုများ မြင့်တက်လျက်ရှိရာ အမေရိကန်အစိုးရက အမေရိကန်နိုင်ငံသား မဟုတ်သည့် စစ်သားများ အီရတ်နိုင်ငံသို့ ပိုမိုလာရောက်နိုင်ရန်နှင့် ယင်းသို့လာရောက်ခဲ့ပါက အမေရိကန်တပ်သားအချို့ကို ဌာနေပြန်ခွင့်ပြုရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှု အခန်းကဏ္ဍအပေါ် စိုးရိမ်လျက်ရှိသည်။

ပွင့်ပွင့်လင်းလင်းတင်ပြ

ပိုမိုကျယ်ပြန့်သည့် နိုင်ငံစုံတပ်ဖွဲ့ တည်ဆောက်ရန် ရည်ရွယ်သည့် ဆုံးဖြတ်ချက်ရရှိရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်အနေဖြင့် ပွင့်ပွင့်လင်းလင်းတင်ပြရန် အမေရိကန်သမ္မတဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က အင်္ဂါနေ့တွင် ညွှန်ကြားထားသည်။

မိမိတို့အား ကူညီပံ့ပိုးပေးရန်အတွက် အီရတ်နိုင်ငံသို့ လူအများစု လာလိုစိတ်ရှိကြသည်ဟု မိမိတို့ထင်မြင်မိကြောင်း၊ သို့ရာတွင် ၎င်းတို့မလာနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နိုင်ငံ၏ နိုင်ငံရေးအကြောင်းခြင်းရာများကြောင့် ၎င်းတို့တပ်သားများကို စေလွှတ်ခြင်းမရှိကြောင်း အိုဟိုင်းယိုးပြည်နယ်မှ တပ်ကြပ်ကြီး ရော့ဆစ်မားဖီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

သာသနာ့သာစည်ကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၅

ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၂)ရပ်ကွက် သာသနာ့သာစည်ကျောင်းတိုက်တွင် နာယကဆရာတော်နှင့် မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဝိဓေယျ (သာသနဓဇဓမ္မာစရိယ)တို့သည် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် တရားတော်များကို စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်မည့်ယောဂီများ စက်တင်ဘာ ၈ ရက် ညနေအရောက် လာကြရန်နှင့် ဆွမ်းဘောဇဉ် လှူဒါန်းလိုသူများ ဖုန်း-၅၈၀၀၇၅ နှင့် ၅၈၀၁၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ(၄၇)

ပေါက်စ

မြန်မာပြည်သူ ခုနစ်ရက်သားသမီးများ အားလုံး သိတော်မူကြတဲ့အတိုင်းပဲခင်ဗျာ။ အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုနဲ့ အကျပ်ကိုင် အနိုင်ကျင့်နေတယ်ဗျာ။

ပြောတော့လည်း လူသားချင်းစာနာထောက်ထားမှုတို့၊ လူ့အခွင့်အရေးတို့ဆိုတဲ့ ကြားရတဲ့သူတွေအတွက် နားဝမှာ သကာလို ချိုမြမြ စကားအလှတွေချည်းပဲဗျာ။ အဲ-အခု လက်တွေ့မျက်တွေ့ လုပ်ပြလိုက်တာကတော့ အမျိုးသမီး တစ်ဦးနဲ့ ပါတီတစ်ခုအတွက် မြန်မာပြည်သူ ၅၂သန်းကို စားဝတ်နေရေး ဘေးဒုက္ခတွေ ခံစားကြတော့ဆိုပြီး အကုသိုလ်စိတ်နဲ့ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ရေး ဥပဒေကို ပြဋ္ဌာန်းလိုက်တဲ့အပြင် အာဆီယံနိုင်ငံများ အပါအဝင် အခြားတစ်ပါးသော နိုင်ငံအသီးသီးကလည်း မြန်မာနိုင်ငံကို နိုင်ငံရေးအရ၊ စီးပွားရေးအရ ပိတ်ဆို့ ဒဏ်ခတ်ကြဖို့ ချော့ချည်တစ်ခါ ခြောက်ချည်တစ်လှည့်၊ ခြောက်ချည်တစ်ဖုံ နည်းဗျူဟာ အစုံစုံနဲ့ အရှက်ကုန်တဲ့ အထိ ဖိအားပေး သွေးထိုးသပ်လျှိုဖြို့ခွဲဖို့ လုပ်ကြနေ တယ်ဗျာ။

အင်အားကြီး နိုင်ငံတစ်နိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ ငယ်လေးဖြစ်တဲ့ မြန်မာနိုင်ငံကို အင်အားကြီးနိုင်ငံ တစ်နိုင်ငံရဲ့ နိုင်ငံတကာလေးစားမှုကျင့်ဝတ်နဲ့ဂုဏ်သိက္ခာ ကို ထိန်းသိမ်းရမှန်းမသိအောင် မျက်နှာပြောင်တိုက်တဲ့ စွက်ဖက် ကျူးကျော်မှုဟာ ကမ္ဘာ့ပြည်သူတွေရဲ့ အကျိုး စီးပွား မဟုတ် သလို မြန်မာပြည်သူတွေရဲ့ အကျိုးစီးပွား မဟုတ်ဘဲ ကိုယ့်ကြိုးဆွဲရာကရမယ့် လူတစ်စုအတွက် ဖြစ်တယ်ဆိုတာ အမေရိကန်ပြည်သူတွေသာ သိကြရင် လဲသေချင်ကြလိမ့်မယ်လို့ ပေါက်စယုံကြည်ထားသဗျ။

အဲဒီလို အခြေအနေကို အခွင့်ကောင်းယူပြီး ဗွီအိုအေနဲ့ ဘီဘီစီအသံလွှင့်ဌာနတွေက ဘာတွေထုတ်လွှင့်လာသလဲ ဆိုရင် အမေရိကန်အစိုးရက မြန်မာနိုင်ငံကို စီးပွားရေး ပိတ်ဆို့မှု ဥပဒေပြဋ္ဌာန်းချက်အရ စီးပွားရေး ပိတ်ဆို့လိုက် တဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေမှာ ဘယ့်က လောက် ဒုက္ခဆင်းရဲ အကျပ်အတည်းတွေ ဖြစ်လာသလဲ၊ ရင်ဆိုင်နေရသလဲ၊ ဘယ်လိုတွေ ဖြစ်လာနိုင်သလဲဆိုတဲ့ လူနာအမောဆိုက်လေ ဆရာကြိုက်လေ သဘောမျိုးနဲ့ မေးမြန်းစူးစမ်း ဗျူးခန်းတွေကို ထုတ်လွှင့်နေတာဟာ ဘယ်လိုစေတနာမျိုးဖြစ်နေသလဲ ခင်ဗျာ။

အဲသလိုမျိုး ဗျူးခန်းတွေကို တခမ်းတနားလုပ်ပြီး ထုတ်လွှင့်တဲ့အခါမှာ အဘယ်မည်သော ပုဂ္ဂိုလ်အတန်း အစားများနဲ့ တခမ်းတနား ပြုကြသလဲဆိုတော့ မိခင် တိုင်းပြည်က သင်ကြားပေးလိုက်တဲ့ ပညာအခြေခံနဲ့ နိုင်ငံတကာပညာရပ်တွေကို လေ့လာသင်ကြားပြီး ကိုယ့် နိုင်ငံ၊ ကိုယ့်ပြည်သူတွေကို ပြန်လည်အလုပ်အကျွေးပြုဖို့ အတွက် ရည်ရွယ်ချက် မျှော်လင့်ချက်တွေနဲ့ နိုင်ငံတော်က အကုန်အကျခံ စေလွှတ်လိုက်တဲ့ ကျေးဇူးတရားနဲ့ သစ္စာ တရားကို မထောက်ထားဘဲ သူတစ်ပါးနိုင်ငံကို ကျွန်ခံ အလုပ်အကျွေးပြုနေတဲ့ အချို့အချို့သော အမျိုးသား ရေး သစ္စာဖောက်ဖျက်သူ ပါရဂူဆိုသူများ၊ ပညာရှင် ဆိုသူများ အပါအဝင် လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူ များနဲ့ မြန်မာပြည်ပြေး ဝရမ်းပြေး အကြမ်းဖက် အဖျက်သမား ဂိုဏ်းသားများပဲ ဖြစ်ပါတယ်ခင်ဗျာ။

အဲ-အဘယ်သို့သော ဗျူးစကားတွေကို မေးကြ၊ ဖြေကြသလဲဆိုရင် မေးခွန်းကတော့ တစ်ခုတည်းသော၊ တစ်မျိုးတည်းသော တောခြောက်သံပါပဲခင်ဗျာ။ အဲသဟာ ကတော့ မြန်မာနိုင်ငံကို အမေရိကန်အစိုးရက စီးပွားရေး ဒဏ်ခတ်လိုက်တဲ့အတွက် ဘယ်လိုတွေ ဖြစ်လာနိုင်သလဲ ဆိုပြီး မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ ဘယ်လောက် အထိ ဒုက္ခသုတ်ခရောက်ပြီလဲ၊ မကျေနပ်ကြလို့ ဆူပူမှုတွေ ဖြစ်လာပြီလားဆိုတဲ့ အကုသိုလ်စိတ်တွေ တစ်လှေကြီးနဲ့ မေးကြမြန်းကြတာပေါ့ခင်ဗျာ။

သို့ကလို အမေးစကားကို စည်းကိုက် ဝါးကိုက် ဇာတ်တိုက်ထားသလိုမျိုး ဖြေတဲ့စကားတွေကလည်း မဟား တရားကြီးပါပဲခင်ဗျာ။

ဘာတဲ့ဗျာ။ မြန်မာနိုင်ငံမှာ နိုင်ငံခြားငွေလွှဲတာ၊ ထုတ်တာ လုပ်မရလို့ နိုင်ငံခြားကုန်ပစ္စည်းတွေ ပြတ်လပ်ပြီး ကုန်ဈေးနှုန်းတွေ အဆမတန် တက်ကုန်နိုင်တယ်ပေါ့ဗျာ။ ငွေကြေးတည်ငြိမ်မှု မရှိတဲ့အတွက် ရေရှည်မှာ အစိုးရ အတွက် အခက်အခဲတွေ အများကြီးဖြစ်လာပြီး စီးပွားရေး အကျပ်အတည်း တွေ့နိုင်တယ်ပေါ့ဗျာ။ အဲသလိုမျိုး စီးပွား ရေးနဲ့ ပတ်သက်လို့ ဘောဂဗေဒ စာကလေးဗေဒင်တွက်ပြပြီး ခြောက်လှန့်နေတာကတော့ အမျိုးသားရေးသစ္စာမဲ့ကြတဲ့ ပြည်ပရောက် ပါရဂူဆိုသူများ၊ ပညာရှင်ဆိုသူများပဲ ဖြစ်သဗျာ။

ဟော-လာသေးသဗျ။ လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူတွေနဲ့ မြန်မာပြည်ပြေး ဝရမ်းပြေး အကြမ်း ဖက်ဂိုဏ်းသားများက မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ ဒုက္ခသုတ်ခရောက်နေကြပြီဆိုတဲ့ အကုသိုလ် မျှော်လင့်ချက် တစ်ထမ်းတစ်ပိုးနဲ့ ဝမ်းသာအားရစွာ ဖြေကြားကြတာ ကတော့ "ကျွန်တော်၊ ကျွန်မတို့အနေနဲ့ အခုလို အမေရိကန် နိုင်ငံက မြန်မာနိုင်ငံကို စီးပွားရေးဒဏ်ခတ်တာ ဝမ်းသာ အားရ ကြိုဆိုပါသတဲ့ခင်ဗျာ။ အခုဆိုရင်ပေါ့နော် စက်မှုဇုန် တွေမှာရှိတဲ့ အထည်ချုပ်စက်ရုံတွေ ပိတ်လိုက်တော့ အလုပ် သမားတွေနဲ့ မှီခိုနေတဲ့ မိသားစု ၈၀၀၀၀ လောက် ဒုက္ခဖြစ်ကြ တာဟာ ဒီမိုကရေစီအတွက် အနစ်နာခံတယ်လို့ နားလည် ပေးရမှာပေါ့နော်။ နေရိပ်လာမှာကို နေပူထဲမှာ စောင့်ရတာမျိုး ပေါ့နော်။ ကျွန်တော်၊ ကျွန်မတို့ရဲ့ ဒီမိုကရေစီခေါင်းဆောင် ကို လွှတ်ပေးပြီး တွေ့ဆုံဆွေးနွေး အာဏာလွှဲပေးလိုက်ရင် ဒီမိုကရေစီ အစိုးရအနေနဲ့ ဒီလိုပြဿနာမျိုး ရှိတော့မှာ မဟုတ်ဘူးပေါ့နော်" ဆိုတဲ့ မော်ဒယ်ဂဲလ်အသံမျိုးနဲ့ အချိုး မပြေတဲ့ ပြောပေါက်ဆိုပေါက် အကြံအဖန် အင်တာဗျူး တွေလည်း လုပ်ကြံထုတ်လွှင့်ခဲ့ကြတယ်ဗျာ။

ရှင်းရှင်းလေးပဲဗျာ။ ကြီးနိုင်ငယ်ညှဉ်းသလို အနိုင်ကျင့် ဗိုလ်ကျတဲ့သဘောမျိုးနဲ့ မြန်မာနိုင်ငံကို လိုသလို စိတ်တိုင်းကျ ခြယ်လှယ်ပုံသွင်းခွင့်မရကောင်းလားဆိုတဲ့ နယ်ချဲ့ကိုလိုနီ လက်သစ်ဝါဒနဲ့ မဟာအင်အားကြီး အမေရိကန်နိုင်ငံ အစိုးရက စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့တယ်ဆိုတာ မျိုးဟာ မြန်မာနိုင်ငံအနေနဲ့ အတိုင်းအတာတစ်ခုအထိတော့ ထိခိုက်နစ်နာမှု၊ အခက်အခဲဖြစ်မှုဆိုတာ ရှိတန်သလောက် တော့ ရှိသပေါ့ဗျာ။

သို့သော်လည်းပေါ့ဗျာ။ မြန်မာအစိုးရကလည်း မဟာ အင်အားကြီး နိုင်ငံတစ်နိုင်ငံက လုပ်သမျှကို ငုတ်တုတ် ထိုင်ကြည့်ပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေလောက်တဲ့ ခပ်ညံ့ညံ့အစိုးရမျိုး မဟုတ်သလို အမေရိကန်အစိုးရနဲ့ အပေါင်းအပါ အစိုးရတွေကလွဲလို့ အခြားသော မိတ်ဆွေ အိမ်နီးချင်းနိုင်ငံတွေရဲ့ နှုတ်၏စောင့်ရှောက်ခြင်း၊ လက်၏ စောင့်ရှောက်ခြင်းဆိုတဲ့ အကူအညီတွေနဲ့ အမေရိကန်အစိုးရ ရဲ့ စီးပွားရေးဒဏ်ခတ် ပိတ်ပင်အနိုင်ကျင့် စော်ကားမှုကို ဖြေရှင်းကျော်လွှားသွားမှာ ဖြစ်တယ်ခင်ဗျာ။

ပြောရမယ်ဆိုရင် ပေါက်စတို့ မြန်မာလူမျိုးတွေရဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဇာတိမာန်စိတ်ကလည်း ကိုယ့် နိုင်ငံ၊ ကိုယ့်လူမျိုးကို မတရားအနိုင်ကျင့် ဖိနှိပ်လာရင် ငုံ့မခံဘဲ ရဲရဲကြီး ခုခံတွန်းလှန်ခဲ့တဲ့ သမိုင်းအစဉ်အလာ ရှိပြီးသားဖြစ်တော့ အခုလို အမေရိကန်အစိုးရက လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်နဲ့ အဖွဲ့အစည်း တစ်ခုအတွက် မြန်မာ ပြည်သူ ၅၂ သန်းကို ဆင်းရဲကျပ်တည်းလာအောင် လုပ်တယ် ဆိုတာ ထင်ရှားနေတဲ့အတွက် မြန်မာပြည်သူတွေဟာ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့၊ ပြည်ထောင်စုကြီး မပြိုကွဲဖို့၊ မြန်မာတိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုခွန်အားနဲ့ ကာကွယ် တည်ဆောက်ကြမယ်ဆိုတာ ယုံမှားသံသယ ဒွိဟမဖြစ်ကြ ပါနဲ့လို့ အမေရိကန်အစိုးရ အပါအဝင် သြဇာခံ တပည့် သားမြေးများဖြစ်ကြတဲ့ ပြည်တွင်းပြည်ပအဖျက်သမားများနဲ့ ဗွီအိုအေ၊ ဘီဘီစီတို့က ဗျူးဆရာသမားများကိုပါ ပေါက်စ စကားလက်ဆောင်ပါးလိုက်ပါတယ်ခင်ဗျာ။

စဉ်းစားကြည့်ကြဗျာ။ သူတစ်ပါးအပေါ် မကောင်းကြံတဲ့ အကုသိုလ်စိတ်တွေနဲ့ အနိုင်ကျင့်ဖိနှိပ်တာဟာ လူ့အခွင့် အရေးနဲ့ ဒီမိုကရေစီရေးကို လိုလားတည်ဆောက်ကြမယ့် ဗိသုကာကြီးတွေရဲ့ အလုပ်လားဗျာ။ အပြစ်မဲ့ ပြည်သူ ၅၂ သန်းကျော် ငတ်ပြတ်ဆင်းရဲမွဲတေမှုကို စတေးပြီး တည်ဆောက်ယူမယ့် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေး ဆိုတာကြီးကလည်း ပေါက်စတို့ မြန်မာပြည်သူ ခုနစ်ရက် သားသမီးများအနေနဲ့ ကျောချမ်းစရာကြီး ပါလားခင်ဗျာ။

အဲ- ပေါက်စ စကားလမ်းကြုံလို့ ပွင့်ပွင့်လင်းလင်း ပြောရရင် အမေရိကန်အစိုးရရဲ့ လွတ်မြောက်ရေး၊ လူ့အခွင့် အရေး၊ ဒီမိုကရေစီရေး စေတနာတွေ တစ်ထောကြီးနဲ့ ကိုယ်တိုင်ကိုယ်ကျ (အချို့နိုင်ငံတွေဆိုရင် ကုလသမဂ္ဂ ကိုတောင် ဘေးချိတ်ပြီး) စီရင်ဖန်တီးလိုက်တာဟာ ပြာပုံနဲ့ မီးလောင်မြေတွေပဲ အမြတ်ရ အဖတ်တင်ပြီး အစာငတ်၊ ရေငတ်ဘဝနှင့် ဒုက္ခဆင်းရဲမျိုးစုံကို လှတ ပတကြီးကြုံနေရတဲ့အပြင် လုံခြုံမှုကလည်း မရှိ၊ အမိမဲ့ သား ရေနည်းငါးပမာ ဖြစ်နေရရှာတာတွေလည်း ပေါက်စ တို့ မြင်နေ၊ ကြားနေရသဗျာ။ ဘယ်မှာလဲ လွတ်မြောက် ရေး၊ ဘယ်မှာလဲ လူ့အခွင့်အရေး၊ ဘယ်မှာလဲ ဒီမိုကရေစီ အရေး အရပ်ရေး ပြစရာတောင် မရှိသေးပါဘူးခင်ဗျာ။

အခုလည်း ပေါက်စတို့ မြန်မာနိုင်ငံကို အမေရိကန် အစိုးရက "မြန်မာနိုင်ငံ လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီ ရရှိရေး ၂၀၀၃ ခုနှစ် အက်ဥပဒေ" ဆိုတာကြီးကလည်း ပြည်ပြေး ဝရမ်းပြေးသောင်းကျန်းသူတွေ လုပ်ကြံဖန်တီး တဲ့ သတင်းအမှားတွေကို အခြေခံပြီး အသံစွာကျယ် စွာကျယ်ပြောနိုင်တဲ့ အမေရိကန်နိုင်ငံရေးသမား လွှတ်တော် အမတ် တစ်ယောက်၊ နှစ်ယောက်ရဲ့ ပြောစကားကို ယုံသွားပြီး လုပ်ချလိုက်တဲ့ ဥပဒေ ဖြစ်နေပါတယ်ဗျာ။ ဒါကြောင့် အမေရိကန်ပြည်သူတွေရဲ့ ကိုယ်စားလှယ် များဖြစ်တဲ့ လွှတ်တော်နှစ်ရပ်လုံးက ကိုယ်စားလှယ် ကြီးများနှင့် အမေရိကန်သမ္မတကြီးဟာ မြန်မာပြည်ပြေး ဝရမ်းပြေး သောင်းကျန်းသူများရဲ့ လိမ်လည်လှည့်ဖြား ခြင်းကို ကောင်းကောင်းခံနေရပြီးဆိုတဲ့အချက်ကို ပြန်လည် ဆန်းစစ်ရန် မသင့်ပေဘူးလားခင်ဗျာ။

ကဲ-ပေါက်စ စကားလိုရင်းကို အတိုကျဉ်းပြီး နိဂုံး ကမ္ပတ် အဆုံးသတ်ရရင် မြန်မာနိုင်ငံ လွတ်မြောက်ရေး၊ ဒီမိုကရေစီရေး ၂၀၀၃ ခုနှစ် အက်ဥပဒေဆိုတဲ့ စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်မှုနဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာ အာဏာကို ထိပါးကျူးကျော်နေတဲ့ အမေရိကန်အစိုးရ အပါအဝင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနဲ့ အမျိုးသားရေး သစ္စာဖောက်များဖြစ်ကြတဲ့ ပြည်ပရောက် ပါရဂူကြီးများ၊ ပညာရှင်ကြီးများ မျှော်လင့်တောင့်တ စိတ်ကူးယဉ်ကြ၊ ဗျူးနေကြသလို အမေရိကန်အစိုးရရဲ့ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုဟာ မြန်မာတစ်နိုင်ငံလုံး အတွက် အထိုက်အလျောက် အခက်အခဲရှိတာကလွဲလို့ တိုင်းပြည်လည်းမမွဲ၊ ပြည်သူတွေလည်း ဆင်းရဲမွဲတေ မသွားတဲ့အတွက် သူတို့တစ်တွေ အရှက်မဲ့စွာ ဗျူးကြတဲ့ အခြိမ်းခြောက် အဟိန်းအဟောက် မှန်သမျှကို ပေါက်စက **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** လို့ပဲ ထောက်ပြ လိုက်ပါတယ် ခင်ဗျာ။ ။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှင့် သီလရှင်ဆရာကြီးများပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်းခံခဲ့ရသော ပဲခူးမြို့ပေါ်ရှိ ဆရာတော်ကြီး ခုနစ်ပါးနှင့် သီလရှင် ဆရာကြီး သုံးပါးတို့အား ပဲခူးအသင်း(ရန်ကုန်)၏ အသင်းသား၊ အသင်းသူ များ၊ ပဲခူးမြို့သူ၊ မြို့သားများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက စက်တင်ဘာလ ၂၁ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့ သာသနာ့ဗိမာန် တော်ကြီး၌ ထူးကဲသော ဂုဏ်တော်များအလိုက် သိုက်မြိုက် ထိုက်တန်မှုတို့ဖြင့် ပူဇော်ကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းနိုင်ကြရန်နှင့် ကိုယ်တိုင်ကြွရောက်ပူဇော် ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးညွန့်ဇော် ဖုန်း- ၀၁-၅၃၆၄၆၄၊ ဦးအေးမောင် ဖုန်း-၀၁-၅၁၁၈၀၉၊ ဦးဝင်းမြင့် ဖုန်း-၀၁-၅၈၀၀၃၂၊ ဖုန်း- ၀၁-၂၉၂၅၃၆၊ ဦးဟန်ကြူ ဖုန်း-၀၅၂-၂၂၈၀၉၊ ဦးမောင်မောင်၊ ဦးတင်ထွဋ် (ဆန်လှူအသင်း)ဖုန်း-၀၅၂-၂၁၇၉၀နှင့် ရန်ကုန်အသင်းတိုက် ဖုန်း-၀၁- ၃၇၈၃၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၀၃)

သမီးကောင်း ရတနာစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

လှသမိန်၏ သမီးကောင်း ရတနာ စာအုပ်ကို အမှတ်-၁၆၈၊ ၃၃ လမ်း ပတ္တမြားငမောက်စာပေက ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ယင်းစာအုပ်တွင် သမီးမိန်းကလေး ကို မွေးဖွားလာကတည်းက သံသယ စိတ်ကင်းကင်းဖြင့် စိုးရိမ်ကြောင်း ကြစရာမလိုဘဲ မြတ်မြတ်နိုးနိုး စောင့်ရှောက်ကြရန် ရေးထားပြီး ဖုန်း- ၂၈၃၃၆၇ သို့ ဆက်သွယ်မှာယူ နိုင်ကြောင်း သိရသည်။ (က-ပ)

ကွန်ပျူတာအသုံးချ ဒီပလိုမာသင်တန်း ဆက်သွယ်တက်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၅

Singapore နိုင်ငံရှိ Informatics Computer School၏ ကျောင်းခွဲများ ဖြစ်သော ရန်ကုန်မြို့ရှိ Informatics Computer Centre များတွင် လုပ်ငန်းခွင်သုံး ကွန်ပျူတာ အသုံးချ သင်တန်းများနှင့် နိုင်ငံတကာအဆင့် ဒီပလိုမာ သင်တန်းများကို နိုင်ငံ ပေါင်း ၄၇ နိုင်ငံရှိ Informatics Centreပေါင်း ၆၀၃ ခုတွင် တစ်ပြေးညီ ပို့ချလျက်ရှိသော Syllabusအတိုင်း ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။

ဆက်သွယ်နိုင်

အသေးစိတ်သိလိုပါက ဖုန်း- ၅၅၈၃၆၀ နှင့် ၇၀၆၇၄၀သို့ လည်း ကောင်း၊ ဖုန်း-၂၀၀၃၄၃၊ ဖုန်း- ၂၀၃၁၈၈ နှင့် ဖုန်း-၂၉၆၈၂၉ တို့သို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ခုနစ်ရက်တရား စခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၅

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် တတိယအကြိမ် ဝိပဿနာတရားစခန်းကို စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက် အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက(ကညင်ကုန်း) ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသ အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ် တရား တော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီ များနှင့် အလှူဒါနပြုလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၅၆၆၆၃၃သို့ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၅

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် (၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၆၃)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို စက်တင်ဘာ ၈ ရက်မှ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

စာအုပ်ဘဏ် သို့မဟုတ် 'ပို' မှ 'လို' သို့

ပညာရေးသုတေသီတစ်ဦး

–၁–

စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့။

၂၀၀၃–၂၀၁၂ ခုနှစ်ကို ကမ္ဘာ့ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်ဟု သတ်မှတ်ထားသည်။ ဘာကြောင့်ပါလဲ။ ယူနက်စကို ကိန်းဂဏန်းအရ ကမ္ဘာပေါ်တွင် သက်ကြီးစာမတတ်သူ ၈၆၁ သန်းကျော်ရှိပြီး ကလေး ၁၁၃ သန်းကျော်မှာ ကျောင်းမနေနိုင်သေးပေ။ အသက် (၁၅)နှစ်ပြည့်ပြီးသူ ငါးဦးတွင် တစ်ဦးမှာ စာဖြင့် ဆက်သွယ်၍ မရနိုင်ပေ။ ၎င်းသက်ကြီး စာမတတ်သူသုံးဦးတွင် နှစ်ဦးမှာ အမျိုးသမီးများဖြစ်သည်။ ဤသည်မှာ နိုင်ငံတကာ အခြေအနေဖြစ်သည်။

အာရှနှင့် ပစိဖိတ်ဒေသတွင်မူ ကမ္ဘာ့စာမတတ်သူဦးရေ၏ ၇၁ ရာခိုင်နှုန်း (၆၂၅ ဒသမ ၄ သန်းခန့်)သည် စာမတတ်သူများ ဖြစ်နေဆဲဖြစ်သည်။ ၆၄ ရာခိုင်နှုန်းမှာ အမျိုးသမီး စာမတတ်သူများ။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၂၀၀၃–၂၀၁၂ တာ အချိန်ကာလကို ကမ္ဘာ့ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်ဟု သတ်မှတ်က စာတတ်မြောက်ရေး လုပ်ငန်းများကို နိုင်ငံအလိုက် အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆိုလျှင် . . .။

–၂–

မြန်မာနိုင်ငံ၏ ပညာရေးမျှော်မှန်းချက်တွင် **အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းရန်**ဟုပါရှိရာ ပညာရေးဝန်ကြီးဌာနသည် ကျောင်းပညာရေး (Formal Education) နှင့် ကျောင်းပြင်ပပညာရေး(Non-Formal Education)တို့ဖြင့် ကိုယ်တိုင် သတ်မှတ်သင်ယူသည့် ပညာရေးရလဒ်ကောင်းများ ဖြစ်ထွန်းလာအောင် အားသွန်ခွန်စိုက် အကောင်အထည် ဖော်လျက်ရှိပါသည်။



ဤသို့ အကောင်အထည်ဖော်ရာတွင် စာတတ်မြောက်ရေးလုပ်ငန်း အစဉ်အလာရှိခဲ့သည့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့အား ကျောင်းပြင်ပ ပညာရေးလုပ်ငန်း ပင်မဌာနအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ မြန်မာ့ ပညာရေး သမိုင်းစဉ်တွင် ထူးခြားသည့်မှတ်တိုင်တစ်ခုမှာ နိုင်ငံတော်၏ အနှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်း လုပ်ငန်းစဉ် ၁၀ ခုအနက် အမှတ်စဉ်(၉) ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းကို ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ ဤသို့ ထည့်သွင်းနိုင်ခဲ့ခြင်းကြောင့် ကျင့်သုံး အကောင်အထည်ဖော်နေသည့် ပညာရေးသည် အခွင့်အလမ်းပွင့် ခွဲဖြာပညာရေး (open and diversified education)ပီပြင်စွာ ဖြစ်လာခဲ့ပါသည်။ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းမှအစ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေးလုပ်ငန်းများ ပါဝင်သည့် စဉ်ဆက်ပညာရေး (continuing education)ကိုပါ ထိရောက်စွာ အကောင်အထည်ဖော်လာနိုင်ခဲ့ပါသည်။ သိသာသော သာဓကများမှာ အဆင့်မြင့်ပညာ ကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ ပေါ်ထွန်းလာခြင်းနှင့် အခြေခံပညာကဏ္ဍတွင် နယ်စပ်ဒေသများအပါအဝင် အခြေခံစာတတ်မြောက်ရေးနှင့် ရပ်ရွာပညာ ပဒေသာဌာန ၄၈၁ ဌာန ပေါ်ထွန်းလာခြင်းတို့ဖြစ်ပါသည်။ ဤလုပ်ငန်းများအား နိုင်ငံတော်က ချမှတ် အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးနှင့် ဆက်စပ်အကောင်အထည်ဖော်သဖြင့် ပိုမို ထိရောက်ခဲ့ပါသည်။ ကိန်းဂဏန်းဖြင့် ဖော်ပြနိုင်သည့် ပေါက်မြောက်အောင်မြင်မှုအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သူငယ်တန်းကျောင်းဝင်နှုန်း (၂၀၀၂–၂၀၀၃)	**= ၉၅.၀၅%**
သက်ကြီး(၁၅ နှစ်အထက်)စာတတ်နှုန်း (၂၀၀၂–၂၀၀၃)	**= ၉၂.၂%**

အဓိပ္ပာယ်ကောက်ချက်မပါသည့် ကိန်းဂဏန်းများသည် ငြီးငွေ့ဖွယ်ဖြစ်သော်လည်း စနစ်တကျ အဓိပ္ပာယ်ကောက်ယူပါက အလွန်တန်ဖိုးရှိသည့် သတင်းအချက်အလက်ဖြစ်လာသည်။ ဖော်ပြပါ ကိန်းဂဏန်းများသည် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ကြိုတင်ကာကွယ်ခြင်း (preventive measure) နှင့် ကုသခြင်း (curative measure) များအား ဖော်ပြနေသည်။ ထို့အပြင် ဆက်စပ်အချက်အလက်များမှာ ကျောင်းအပ်နှံရေးနေ့၊ မူလတန်းလွန်ကျောင်း၊ ပညာရေးစုံညီပွဲတော်၊ ပညာရေးပြက္ခဒိန်စသည့် အစီအစဉ်တို့က ကိန်းဂဏန်း၏ ပုံရိပ်ကို ရုပ်လုံးပိုကြွစေနိုင်ပါသည်။

သက်ကြီးစာတတ်နှုန်း မြင့်လာခြင်းကို ဝမ်းသာဂုဏ်ယူရမည်။ ဖြစ်ထွန်းလာသည့် လုပ်ငန်းတာဝန်များကိုလည်း ဆက်စပ် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ သာဓကအားဖြင့် ၁၉၆၄–၈၈ ကာလအတွင်းက အကောင်အထည်ဖော်ခဲ့သည့် စာတတ်မြောက်ရေးလူထုလှုပ်ရှားမှုကို သရုပ်ဖော်မှတ်တမ်းတင်ခဲ့သည့် **ဘယ်သူပြိုင်လို့ လှပါတော့နိုင်** (ဝတ္ထုမြင်းကျော်၊ ဒါရိုက်တာ ဦးသုခ)တွင် စာတတ်စ ကိုချစ်စရာ (ဦးအံ့ကျော်)သည် ထန်းလျက်တောင်းထမ်းကာဖိနပ်မပါ ခြေဗလာဖြင့် ဆရာမလေးများအား လိုက်ပါပို့ဆောင်ပေးခန်းသည် ကျောင်းပြင်ပ ပညာရေးပုံစံဖြင့် အကောင်အထည်ဖော်ရမည့် စာတတ်မြောက်ရေး နောက်ဆက်တွဲ လုပ်ငန်းကို ဖော်ထုတ်ပြသနေကြောင်းကို ကြည့်တတ်သူ မြင်နိုင်ပါသည်။ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ပြီးမြောက်ပါက စာဖတ်ရှိန်မြှင့်ရမည်။ ဝင်ငွေတိုးလုပ်ငန်းများကို ဆက်လက်သင်ကြားလေ့ကျင့်ပေးရမည်။ ဝင်ငွေတိုးလာတိုင်း ဘဝမသာယာနိုင်ပါ။ ဘဝသာယာရေးအတွက် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို တိုးချဲ့သင်ကြားပေးရပေဦးမည်။ ဤသို့ဆိုလျှင် သင်ယူရေးဌာန တစ်ခုရှိရမည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက် ရပ်ရွာရှိရင်း စွမ်းအားများဖြင့် ရပ်သူရွာသားများကိုယ်တိုင် ထူထောင်ရမည့် ရပ်ရွာပညာ ပဒေသာဌာန (community learning centre)သည် မရှိမဖြစ် လိုအပ်လာ သည်။ စာတတ်လာလျှင် စာဆက်ဖတ်ဖို့အတွက် စာအုပ်စာတမ်းများလည်း လိုအပ်လာသည်။

ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အလေးအနက်ထားစဉ်းစားသော အခါ စာအုပ်ဘဏ် (Book Bank)သည် အဖြေဖြစ်လာသည်။ မြို့ပြနေ အိမ်ထောင်စုများတွင် စာအုပ်စာတမ်း အနည်းနှင့်အများ ရှိတတ်သည်။ တချို့မှာ တစ်သက်တာသိမ်းထားရမည့် စာအုပ်စာတမ်းများဖြစ်သည်။ တချို့မှာ ဖတ်ပြီး အမြဲသိမ်းထားရန် မလိုသည့် စာအုပ်စာတမ်းများဖြစ်သည်။ အိမ်သည် ကျယ်ဝန်းလျှင် ကိစ္စမရှိ။ ကျဉ်းပါက ၎င်းစာအုပ်စာတမ်းများ သိမ်းဆည်းထားရှိရန် နေရာမရှိ။ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေတတ်သည်။ လိုအပ်သည်ထက် ပိုနေသည့်စာအုပ်စာတမ်းများ။

ကျေးလက်ဒေသရှိ ရပ်ရွာပညာပဒေသာဌာနများတွင်ကား စာတတ်စနှင့် စာတတ်ပြီးပုဂ္ဂိုလ်(လူကြီးနှင့်ကလေး)များအတွက် ဖတ်စရာမှတ်စရာ စာအုပ်စာတမ်းများက အမြဲလိုအပ်နေသည်။ ထို့ကြောင့် စာအုပ်စာတမ်း ပိုနေသည့် နေရာမှ စာအုပ်စာတမ်းလိုနေသည့်နေရာသို့ စာအုပ်စာတမ်းများ ရောက်ရှိရေး နည်းလမ်းကို မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့က အစဉ်ကြံဆနေရသည်။ ၂၀၀၀ ပြည့်နှစ်တွင် စာအုပ်ဘဏ်လုပ်ငန်းကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ လေ့ကျင့်ရေးအထက်တန်းကျောင်းတွင် စတင်စမ်းသပ်ကြည့်ရာ အလွန်အောင်မြင်ကြောင်းတွေ့ရသည်။ ထို့ကြောင့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် ရန်ကုန်မြို့ပေါ်ရှိ အထက်တန်းကျောင်းများတွင် လက်တွေ့အကောင်အထည် ဖော်လိုက်ပါသည်။ ၂၉–၈–၂၀၀၃ (သောကြာနေ့)တွင် လသာမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းတည်းက စာအုပ်မျိုးစုံ ၂၁၀၀၀ လှူဒါန်းခဲ့သည်မှာ "ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ"ဟု ဆိုရပါမည်။ မျိုးဆက်သစ်လူငယ်တို့၏ လူမှုရေးတာဝန် သိတတ်မှုနှင့် လူမှုရေးတာဝန် ကျေပွန်မှုတို့အတွက် စာအုပ်ဘဏ်သို့ စာအုပ်လှူဒါန်းခဲ့ကြသော ကျောင်းသားလူငယ်အပေါင်းသည် **'ပို'** မှ **'လို'**သို့ လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံတွင် တစ်မူထူးခြားပြီး ပညာဒါန ပေးလှူမှုခြင်းဖြစ်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပါသည်။ ။

7 Day News ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၄)ဖြန့်ချိ

တာလေးတွေရှိရင်စသည့် စိတ်ဝင်စားဖွယ်ရာ ပြည်တွင်းသတင်းဆောင်းပါးများနှင့် 7 Day News ဂျာနယ်အတွဲ (၂)၊ အမှတ်(၂၄) ထွက်ရှိနေပြီဖြစ်သည်။ **(ဝဲပုံ)** (က–ပ)

ရန်ကုန် စက်တင်ဘာ ၅

ဟောဒီက အင်တာနက်၊ အစိုးရဘဏ်မှာ ငွေသွင်းငွေထုတ် မကြာတော့ပြီ၊ ဇာတ်လမ်းရှားနေသလား စိတ်ကျန်းမာရေးဆေးရုံသွား၊ ဂိမ်းဆိုင်နှင့် ဂိမ်းကစားသူများ အချိုးညီများပြားလာ၊ ချက်နို့ဆီဈေးကွက် ပါးပါးသာကျန်၊ ဆရာကြီးဦးလုထွန်းနှင့် တွေ့ဆုံခြင်း၊ မေးကြမယ် ချေကြမယ်၊ မပြေလည်

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၅

MAY Int' 1 Education & Training Center မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ရ၊ ဘွဲ့ကြိုများ၊ နိုင်ငံခြားသို့ သွားရောက်လိုသူများနှင့် လုပ်ငန်းခွင် ဝင်ရောက်လိုသူများအတွက် အခြေခံအင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော သင်တန်းသစ်များ၊ TOEFL, IELTS, SAT, GCE အင်္ဂလိပ်စာသင်တန်းများကို စက်တင်ဘာ ဒုတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက အမှတ် ၉၁(က) ဗညားဒလလမ်း (တာမွေလမ်း) သျှင်ပါဂူဆေးခန်းအနီး ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း– ၅၄၄၂၂၄နှင့် ၅၄၅၃၇၅တို့သို့ နံနက် ၇နာရီမှ ည ၇နာရီအတွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)



ကျွန်းသားငမန်းရေးသား၍ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ထုတ်ဝေသည့် ရခိုင်ကမ်းရိုးတန်းဒေသ ရေလုပ်ငန်း စီးပွားစာအုပ်မျက်နှာဖုံးကိုတွေ့ရစဉ်။ (က–ပ)

ပညာရွှေတောင် စာအုပ်တိုက် အမှတ် (၉၀၉၂) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၄၂၈၃၃ နှင့် ၂၄၀၆၉၀တို့က ဒုတိယ အကြိမ် ထုတ်ဝေဖြန့်ချိသော ဦးလှဒင် ဘာသာပြန်ဆိုရေးသားသော လင်ကွန်း အတွင်းရေး စာအုပ်မျက်နှာဖုံး။ (က–ပ)

စားဖိုမှူးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ စားဖိုမှူးများအသင်းက ကြီးမှူး၍ ပြည့်ပြည့် ကုမ္ပဏီက ဖွင့်လှစ်မည့် နိုင်ငံတကာ အဆင့်မီ အစားအသောက်ပြင်ဆင်ချက်ပြုတ်ရေးဆိုင်ရာသင်တန်းကို စက်တင်ဘာ ၂၃ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် Pyae Pyae General Services Co.,Ltd အမှတ်(၉၁/၃) ဗိုလ်ရာညွှန့်လမ်း ဒဂုံမြို့နယ်သို့ဖြစ်စေ ဖုန်း–၂၅၄၀၃၉၊၃၇၇၈၄၅၊ ၀၉–၅၀၀–၃၆၃၃ သို့ဖြစ်စေ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)



မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆–၉–၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော် အဂ္ဂိဝစ္ဆသုတ်**
- **၉:၁၀** ၁၀။ **ရသစုံလင်ရုပ်ရှင်ဇာတ်လမ်း ကြည်ပြာ (သရုပ်ဆောင်–ထွန်းထွန်းဝင်း၊ မေဝင်းမောင်) (ဒါရိုက်တာ–ကြီးမြင့်)**
- ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၄၀** ၇။ မြန်မာသံစဉ် ချိုနှားဝင်
- **၄:၅၀** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ အဆေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (အရှေ့တိုင်းပညာ) (ခ) ပထမနှစ် (ပထဝီဝင်)
- **၅:၃၀** ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်သံကြားဇာတ်လမ်း လင်နဲ့မယား (အပိုင်း–၃)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ **ရသစုံလင်ရုပ်မြင်သံကြားဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း–၁၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ ပြီးပါပြီ။

❐ **တိုးတက်လာသောမှ**

အင်အားများ၊ ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားထုတ်လုပ်မှုအခြေအနေများ၊ တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ တည်ဆောက်သွားရန် လျာထားသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့် စပ်လျဉ်း၍ ရုပ်ပုံများ၊ စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် သဘာဝဓာတ်ငွေ့ရရှိရေး၊ စက်မောင်းဆီရရှိရေးတို့အတွက် စွမ်းအင်ဝန်ကြီးဌာနနှင့်လည်းကောင်း၊ တည်ဆောက်ရေးစီမံကိန်းများအတွက် ဘိလပ်မြေနှင့်သံချောင်းများရရှိရန် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့်လည်းကောင်း ညှိနှိုင်း၍ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ရေအားအရင်းအမြစ်များ ပေါကြွယ်ဝသည့် မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ရေအားကိုအခြေခံ၍ ဆောင်ရွက်ရန်** ဟူသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုကို ခံယူပြီး လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

တွေ့ဆုံမှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားရာတွင်မိမိတို့နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာ၌ ချမှတ်ထားသော နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မိမိတို့အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမှာဖြစ်သကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံတော်၏ အမျိုးသားစီးပွားရေးအင်အားတောင့်တင်းသည်ထက် တောင့်တင်းခိုင်မာအောင် ကဏ္ဍစုံမှ တစ်ပြိုင်တည်းဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံမြင့်မားရေးတို့အတွက် အခြေခံလိုအပ်ချက် တစ်ရပ်မှာ လျှပ်စစ်စွမ်းအား ပြည့်စုံရေးပင်ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည်လည်း ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားစီမံဆောင်ရွက်နေသည်ကို မိမိတို့တွေ့ရှိနေရကြောင်း။

သို့ရာတွင် ပြည်သူများ၏ တိုးတက်လာသော လူနေမှုအဆင့်အတန်းများကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာမြင့်မားလျက်ရှိသည့်အတွက် မိမိနိုင်ငံ၏ရေသယံဇာတများကို အပြည့်အဝအသုံးချပြီး ရေအားလျှပ်စစ်စီမံကိန်းများတစ်ခုပြီးတစ်ခု ထူထောင်နိုင်ရန် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းဖြင့် လျှပ်စစ်မဟာဗျူဟာရည်မှန်းချက်ကို ချမှတ်ထားရခြင်းဖြစ်ကြောင်း။

ထိန်းသိမ်းမြှင့်တင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ယင်းရည်မှန်းချက်ကို ပြည့်မီအောင် တစ်ဆင့်ပြီးတစ်ဆင့် ဖိဖိစီးစီး တာဝန်ယူအကောင်အထည်ဖော်သွားခြင်းဖြင့် ဌာန၏ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်သွားရမှာဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်နေသကဲ့သို့ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အား အလေအလွင့်၊ အပြုန်းအတီးမရှိစေရေး၊ နိုင်ငံတော် ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ လျှပ်စစ်ဓာတ်အားကို ထိရောက်စွာ တိုးချဲ့အသုံးပြုနိုင်ရေးတို့ကိုလည်း ညှိနှိုင်းစီမံသွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာ၌ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများသည် နေရာဒေသမရွေးသွားလာ၍ အပင်ပန်းခံပြီး တာဝန်များကိုထမ်းဆောင်လျက်ရှိကြကြောင်း၊ စက်မှုနိုင်ငံသို့ ကူးပြောင်းရောက်ရှိရေးအတွက် လျှပ်စစ်ဓာတ်အားသည် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ရာ လျှပ်စစ်ဝန်ထမ်းများ၏ ကြိုးပမ်းစွမ်းဆောင်နေမှုများသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း။

၁၉၈၈ခုနှစ်မတိုင်မီက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် စွမ်းအားမှာ ၅၈၈မဂ္ဂါဝပ်ခန့်ရှိခဲ့ရာမှ ယခုအခါ မဂ္ဂါဝပ် ၅၆၀ကျော်တိုးချဲ့နိုင်ပြီး စုစုပေါင်း မဂ္ဂါဝပ် ၁၂၀၀ကျော်အထိ ထုတ်လုပ်နိုင်သည့် စက်အင်အားရှိနေပြီဖြစ်ကြောင်း။

ထပ်မံတိုးချဲ့

ဆက်လက်၍လည်း လျှပ်စစ်ဓာတ်အားတိုးတက်ရရှိအောင် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၅-၂၀၀၆ ခုနှစ်၌ မဂ္ဂါဝပ် ၂၀၀၀ခန့် ထပ်မံတိုးချဲ့နိုင်မည့် အခြေအနေရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမည့် အခြေခံကောင်းများ၊ အရင်းအမြစ်များ မိမိတို့နိုင်ငံ၌ အများအပြားရှိထားပြီးဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မိန့်ကြားသည့်အတိုင်း မိမိတို့၏အင်ဂျင်နီယာ အတတ်ပညာရှင်များ၏ အရည်အသွေး အဆင့်အတန်းကို မြင့်မားတိုးတက်သည့်ထက် မြင့်မားတိုးတက်စေရန်အတွက် အားပေးပျိုးထောင်မှုများ ပြုလုပ်သွားရန်၊ ပစ္စည်း၊ ငွေကြေးသုံးစွဲမှုများကို အတတ်နိုင်ဆုံး ခြိုးခြံချွေတာ၍ အလေအလွင့်မရှိအောင် သုံးစွဲကြရန်နှင့် သတ်မှတ်ချိန်ကာလအတွင်း လုပ်ငန်းများအမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အကောက်ခွန် တာဝန်ရှိသူများအား တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးချုပ်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးအား အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းက အကောက်ခွန် ဦးစီးဌာန၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်များ၊ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာနှစ် လုပ်ငန်းလျာထားချက်နှင့် ပထမလေးလပတ်အတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးများက ဝန်ထမ်းအင်အားနှင့် လုပ်ငန်းတာဝန်ဝတ္တရားများ၊ လုပ်ငန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အကောက်ခွန် ဦးစီးဌာနသည် နိုင်ငံတော်အတွက် ပို့ကုန်လုပ်ငန်းများနှင့် သွင်းကုန်လုပ်ငန်းများကို လုပ်ဆောင်ရသည့် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်သည့် ဌာနဖြစ်သည့် အားလျော်စွာ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်ကျနစွာနှင့် မြန်ဆန်လျင်မြန်သွက်လက်စွာ ဆောင်ရွက်ရေး၊ အဂတိကင်းရှင်းစွာ ဆောင်ရွက်ရေးတို့ကို အသေးစိတ် ရှင်းလင်းမှာကြားသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းများအား တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (ဘဏ္ဍာ/အခွန်)

စခန်းစဉ်အတိုင်း ချီတက်မည်

* အေးချမ်းဖြိုး သာစခန်း
အရောက်လှမ်း ချီတက်မည်၊
လျှောက်လှမ်းရာ ဒီခရီး
စခန်းကြီး ခုနစ်တန်
ခြေလှမ်းမှန် ဆင့်ဆင့်လှမ်း
ဖြတ်သန်းလို့ ချီတက်မည်။

* လျှောက်လှမ်းရာ လမ်းခရီး
ပိတ်ဆီးကာ ခက်အခဲနဲ့
လမ်းလွှဲဖို့ ကြံခဲ့လျှင်၊
ကြံသူသာ မောကာပန်း
နွမ်းလျမည်ပင်။

* တို့ခရီး ချီတက်စဉ်
စခန်းစဉ် ခုနစ်ရပ်
ကွေ့ရှောင်ပတ် မသွားပါ၊
စခန်းတွေ အကုန်ဖြတ်
တည့်တည့်မတ် သွားမှာ။

* သို့အားဖြင့် တို့လိုရာ
ရောက်နိုင်မှာ မှန်မလွဲ၊
ဖွံ့ဖြိုးစွာ သာစခန်းနဲ့
တို့နိုင်ငံ ပြည်အဝန်း
အေးချမ်းမှာပဲ။ ။

မျိုးသွား

(မြန်မာ့ Road Map ကိုကြိုဆိုလျက်)

မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co., Ltd.က ခင်းကျင်းပြသသည့် "မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ခေတ္တဝန်ကြီး သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ဒုတိယတပ်မတော်မော်ကွန်းတိုက်မှူး၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ Quartz International Co., Ltd. မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် Quartz International Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးတို့က "မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃"ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာအောက်ပုံ)**

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် "မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃"အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဖျော်ဖြေရေး

ပြပွဲတွင် ပြည်တွင်း ပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းအမျိုးမျိုး၊ မော်တော်ယာဉ်သုံးပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုး၊ သတင်းနည်းပညာနှင့်ပတ်သက်သော ပစ္စည်းအမျိုးမျိုးတို့ကို ခင်းကျင်းပြသထားပြီး Star Entertainment Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဂျွန်လွင် ဦးစီးသော အနုပညာရှင်များက ဖျော်ဖြေရေးအစီအစဉ်များ၊ ကြော်ငြာသရုပ်ဆောင်ပြိုင်ပွဲများကျင်းပကာ ဂုဏ်ပြုဆု ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ပြပွဲကို စက်တင်ဘာ ၅ရက်မှ ၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရေ့သို့လှမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးစပါးစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်စီမံကိန်းနှင့် တကောင်းမြို့ဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၅

မန္တလေးတိုင်း မန္တလေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာ ၃ရက် နံနက်ပိုင်းက မန္တလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်ခရိုင်အတွင်းလှည့်လည်ကာ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာအတွင်းရှိ စပါးစိုက်လယ်မြေများ၌ မိုးစပါး စိုက်ပျိုးမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအား လျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ ပင်မတမံ အောက်ခြေ မြေတူးခြင်းလုပ်ငန်း ၇၁ရာခိုင်နှုန်းနှင့် ရေလွှဲဥမင်နှစ်ခု ဖောက်လုပ်ခြင်း လုပ်ငန်းအားလုံး ပြီးစီးနေမှုအခြေအနေ၊ ဓာတ်အားစက်ရုံ ရေကာန်ရံ မြေကြီးလုပ်ငန်း ၉၈ ရာခိုင်နှုန်း၊ ကွန်ကရစ်လုပ်ငန်း ၄၀ ရာခိုင်နှုန်း ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက် လျက်ရှိသော လုပ်ငန်းအစီအစဉ်များ၊ စက်ယန္တရားနှင့် စက်သုံးဆီရရှိမှု၊ ရေလွှဲဥမင်(၁)နှင့်(၂)တို့တွင် အချောကိုင်ကွန်ကရစ် လုပ်ငန်းနှင့် ရေတံခါး တပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် လျှပ်စစ်ဓာတ်အားစက်ရုံ (Power House) ရေကာန်ရံအောက်ခြေအမာထည် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလွှဲဥမင် အမှတ်(၁) ရေထုတ်တံခါး ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် အမှတ်(၂) ရေလွှဲဥမင်ရေထုတ် ပေါက်တို့ကိုလည်းကောင်း၊ ရေလွှဲဥမင်များ၌ ကွန်ကရစ် အချောကိုင် ဆောင်ရွက်ရာတွင် အသုံးပြုမည့် ကွန်ကရစ် အချောပုံစံ ဖော်စက်ကို လည်းကောင်း၊ ရေလွှဲဥမင်အမှတ်(၁) နှင့် အမှတ်(၂) ရေဝင်တံခါးများ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများ အား မှာကြားသည်။

တွေ့ဆုံ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီ၁၅မိနစ်တွင် မန္တလေး တိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်း မြို့နယ်ရှိ တကောင်းမြို့သို့ ရောက်ရှိ ကြပြီး တကောင်းမြို့ သီရိဇေယျာ ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး တိုးတက်ဆောင်ရွက်ရေး တို့ကို မှာကြားသည်။

ရွေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက တကောင်းမြို့၏ ဒေသဆိုင်ရာအခြေအနေများနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများက ဌာန ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊အလယ် ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က တင်ပြချက်အသီးသီး အပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်စေ ရန် နိုင်ငံတော် အကြီးအကဲက နည်းလမ်းသုံးသွယ်ချမှတ်ဆောင်ရွက် စေလျက်ရှိကြောင်း၊ နိုင်ငံတော်၏ နယ်စွန်နယ်ဖျား ဒေသများပါမကျန် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ဝန်ကြီးဌာန ဖွဲ့စည်း၍ ပထမအချက်အဖြစ် ဆောင် ရွက်လျက်ရှိကြောင်း၊ မြို့ရွာများဖွံ့ဖြိုး တိုးတက်စေရန် ပြည်နယ်နှင့်တိုင်းများ သာမက လိုအပ်သော ဒေသကြီးများ ကိုပါတိုးချဲ့ပြီး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဒုတိယအချက်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုး တိုးတက်လာစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ်ပြီး အခြေခံအဆင့်ဖြစ်သော ခရိုင်နှင့် မြို့နယ်အဆင့် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက် ကြရန် တတိယအချက်အဖြစ် သတ် မှတ်ဆောင်ရွက်လျက်ရှိကြောင်း။

တကောင်းမြို့ဖွံ့ဖြိုးရေး

ထို့ကြောင့် တကောင်းမြို့နှင့် ဤ ဒေသဖွံ့ဖြိုးတိုးတက်ရန် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အဓိကအားဖြင့် ဌာနဆိုင်ရာ ဝန်ထမ်း များက ဆောင်ရွက်ကြရသည်ဖြစ်ရာ အောက်ခြေအထိ ကွင်းဆင်း၍ ဒေသ၏ လိုအပ်ချက်များကို ဖြည့် ဆည်း ဆောင်ရွက်ပေးကြရမည် ဖြစ် ကြောင်း၊ သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် ခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တာဝန် များကိုကျေပွန်စွာထမ်းဆောင်ကြရန် ဖြစ်ကြောင်းစသည်ဖြင့် မှာကြားသည်။

လမ်းစီမံကိန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေး – တကောင်း– ဗန်းမော် – မြစ်ကြီးနားလမ်း၌ တကောင်း – သပိတ်ကျဉ်းလမ်းပိုင်း အနီးရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းအထူး အဖွဲ့ရုံးသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လမ်းအထူးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအေးနိုင်ထွန်းနှင့် လမ်းဆောက်လုပ် ရေးအဖွဲ့(၁၄)မှ ဒုတိယ အင်ဂျင်နီယာ မှူးကြီး ဦးဝင်းမောင်တို့က မန္တလေး– တကောင်း – ဗန်းမော် – မြစ်ကြီးနား လမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်း ဆောင်ရွက်ချက်များဖြစ်သည့် သပိတ် ကျဉ်း – တကောင်း၊ တကောင်း– ငါးအိုး၊ ငါးအိုး – ကျေးတောကြီးနှင့် ကျေးတောကြီး–ဟန်ထက် လမ်းပိုင်း များ၌ စုစုပေါင်း ၁၇၆မိုင်ကို ဒုတိယ အခြေခံလွှာ ခင်းကျင်းပြီးစီးမှုနှင့် အခြေခံလွှာ ခင်းကျင်းနေမှု အစီအစဉ် များကို ရှင်းလင်းတင်ပြကြသည်။

စိမ်းလန်းစိုပြည်ရေး

တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်း အထက်မြန်မာနိုင်ငံ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုင်းသိန်း မောင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြ ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မန္တလေး – တကောင်း – ဗန်းမော်– မြစ်ကြီးနားလမ်းတစ်လျှောက်၌ လမ်း ဘေးဝဲ/ယာတို့တွင် စိမ်းလန်းစိုပြည် ရေးအတွက် သစ်ပင်များ ဆက်လက် စိုက်ပျိုးရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တရားအလှူပေးဝေမည်

ရန်ကုန် စက်တင်ဘာ ၅

ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ချမ်းသာ အစစ်ဖြစ်သော နိဗ္ဗာန်ခရီး အတွက် ရှင်းလင်းလွယ်ကူသော ဝိပဿနာအားထုတ်နည်းများ ပြန့်ပွား စေရန်ရည်ရွယ်၍ အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း ဆိုင်ခွဲ(၈) ဖွင့်ပွဲကို မုံရွာမြို့ လှည်းတန်းရပ်ကွက် ရန်မျိုးအောင်ရပ် ဇောတိကလမ်း အမှတ်(၆၄) ဦးသာအိ–ဒေါ်ခင်ဆွေ တို့၏ နေအိမ်၌ ကျင်းပရာ ဇမ္ဗူ ရောင်ခြည် ကျောင်းတိုက်၊ ဇမ္ဗူသိင်္ဂ ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာဝံသနှင့် ဦးသာဂရဗုဒ္ဓိတို့က ကြီးမှူး၍ အာစိဏ္ဏကံ ယောဂီ ၁၀၀ ကျော်နှင့်အတူ ဖွင့်လှစ်ပေးသည်။ ယင်းဆိုင်တွင် သစ္စာတရားခွေနှင့် တရားစာအုပ်များကို အခမဲ့ငှားရမ်းနိုင် ရန် ဓမ္မဒါနပြုထားကြောင်း သိရသည်။

(က–ပ)

ဒုတိယဝန်ကြီးဦးမောင်အောင် ဦးစီးဌာနလုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုး သားမှတ်ပုံတင်ရေး ဦးစီးဌာနသို့ သွား ရောက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန် ရှိသူများအားတွေ့ဆုံ၍ ဦးစီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး မှာကြား သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲ ၂နာရီ တွင် မဟာဗန္ဓုလလမ်းရှိ ပြည်သူ့ အင်အား ဦးစီးဌာနသို့ ရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး များနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ပြည်သူ့အင်အားဦးစီးဌာနက ဆောင် ရွက်နေသည့် လုပ်ငန်းများနှင့်ပတ် သက်ပြီး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွန်ပျူတာခန်းမ၌ လူဦးရေဆိုင်ရာ စာရင်းဇယားများ တွက်ချက်ဆောင် ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်နှင့် စက်သုံးဆီ ခြိုးခြံချွေတာ သုံးစွဲရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

အင်္ဂလိပ်စာနှင့်ဂျပန်စာ သင်တန်းများဖွင့်

ရန်ကုန် စက်တင်ဘာ ၅

Aung Language Center မှ အင်္ဂလိပ်စာဦးကိုဦး (B.Sc) ကိုယ်တိုင် အင်္ဂလိပ်စကားပြော၊ လေ့ကျင့်ခန်း သင်ရိုးသစ်များဖြင့် လစဉ်ပုံမှန် သင်တန်းကို စနေနေ့နှင့်တနင်္ဂနွေနေ့ များတွင် အပတ်စဉ် နံနက်၈း၃၀နာရီမှ ၁၀နာရီအထိ၊ ညနေ၃နာရီမှ ၅နာရီ အထိ တစ်ကြိမ် လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

ထို့အပြင် ဂျပန်ဘာသာ Level-4 ကို နံနက် ၁၀နာရီမှ ၁၁နာရီအထိ Level-3 ကို နံနက် ၁၁နာရီခွဲမှ မွန်းလွဲ ၁နာရီအထိ တစ်ပတ်ငါးရက် ကို စက်တင်ဘာ ၈ရက်မှ စ၍ သင်ကြားပေးမည်ဖြစ်ရာ အရှေ့ ရန်ကင်း၊ တိုက်(၂၈၂)၊ အခန်း(၁) ရန်ကင်းကြားမှတ်တိုင်အနီး ရန်ကင်း သဲကွင်းအနီး လူကိုယ်တိုင် စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

ထောက်ကြန့်ပုပ္ပားကျောင်းတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်းတိုက် နာယက ဘဒ္ဒန္တ ပဏ္ဍိစ္စကြီးမှူး၍ (၅၁)ကြိမ်မြောက် အဓိဋ္ဌာန်တရားစခန်းကို စက်တင်ဘာ ၁၂ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များက တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ရာ စက်တင်ဘာ ၁၃ရက်ညဉ့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒာသီရိ (တပ်ကုန်းဆရာ တော်)၊ ၁၄ရက်ညတွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာ ဘိဝံသ (မန္တလေး ချမ်းသာကြီး ဆရာတော်)၊ ၁၅ရက်ညတွင် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသ (ဝေဠုဝန်ဆရာတော်)၊ ၁၆ရက်ညတွင် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒာသီရိ (တပ်ကုန်းဆရာတော်)တို့က ဟောကြားပြီး စက်တင်ဘာ ၁၇ရက် ညတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာ ဘိဝံသ (ကလေးဝတောရကျောင်း စာသင်တိုက်၊ နာဂလိုဏ်ဂူဆရာတော်)တို့က ဟောကြားကြမည်ဟု သိရသည်။

(က–ပ)

ဗုဒ္ဓဒေသနာသင်တန်း တက်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၅

ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ ပဓာန နာယကကြီး ဆရာကြီး ဦးဌေးအောင် (မိုးလေဝသ)က စက်တင်ဘာ ၆ရက်မှ ၉ရက်ထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၃နာရီမှ ၅နာရီအထိ "ဗုဒ္ဓဒေသနာ သင်တန်း"နှင့် ဗုဒ္ဓနည်း နာမ်–ရုပ် လေ့ကျင့်ရေး ကိုးရက် အလုပ်စခန်းကို စက်တင်ဘာ ၁၅ရက်မှ ၂၃ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီ အထိ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်တွင် ဓမ္မဒါန ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၉–၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၅ ၇။ စွန်ချောင်းရေလှောင်တမံ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Grammar Made Easy.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၄၀ ၆။ Weekly International Sports.
- ၁း၄၅ ၇။ **ရှင်နှောင်းကျောင်းရောက်ပြီ (ကြည်စိုး၊ထူးသာ၊ချောနဝင်း၊ ကျော်မေခမွန်၊ ယွန်းငုံဖူး) ဒါရိုက်တာ–ဦးခင်ဇော် (ကေသီပန်)**
- ၂း၀၀ ၈။ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ (အပိုင်း–၇)
- ၂း၀၅ ၉။ မိုးဒေဝါနှင့်မိုးဒေဝါကို ဖန်တီးကြသူများ (ဘိုကလေးတင့်အောင် စီစဉ်တင်ဆက်သည်)
- ၂း၃၀ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၂း၄၅ ၁၁။ International News.
- ၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ၄း၃၀
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (မြန်မာစာ)
- ၅း၁၅ ၆။ နွေးထွေးသောရင်ခွင်(အပိုင်း–၃) (ဖြိုးငွေစိုး၊အောင်ခိုင်၊ မြတ်ကေသီအောင်၊ဆုပန်ထွာ၊ လှမျိုးသဉ္ဇာနွယ်၊ပွင့်နဒီမောင်) (ဒါရိုက်–တင်သန်းဦး) (ရှမ်းဘာသာစကားဖြင့်)
- ၅း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၄၅ ၈။ တေးဂီတအစီအစဉ်
- ၆း၀၀ ၉။ **၂၀၀၃ခုနှစ်ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာ နိုင်ကြရန် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး (ပညာရှင်အဆင့်) (အမျိုးသမီး)**
- ၆း၁၅ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
- ၆း၃၀ ၁၁။ ညနေခင်းသတင်း
- ၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၃။ Discovery.
- ၇း၂၀ ၁၄။ ဝင်ငွေကောင်းသည့် သီးနှံသစ် မက္ကဒေးမီးယား
- ၇း၃၀ ၁၅။ ယဉ်ကျေးမှု အနုလက်ရာ စုံစွာ ဘုရားအာနန္ဒာ
- ၇း၄၀ ၁၆။ **၂၀၀၃ခုနှစ်ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဆွေးနွေးခန်း (အတီးပြိုင်ပွဲ) (စန္ဒရား၊ဂီတာ၊တယော)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာရုပ်ရှင် မမုန်းလေနဲ့ပေလီ(အပိုင်း–၁) (ရန်အောင်၊ဒွေး၊မိုးဒီ၊ မေသန်းနု၊အိန္ဒြာကျော်ဇင်၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ– စင်ရော်မောင်မောင်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၅

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတ်တစ်ပုံဆောင် ရွှေမြင့်မိုရ် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ၊ သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ စက်တင်ဘာ ၁၃ရက်မှ ၂၂ရက်အထိလည်းကောင်း၊ စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၇ရက်အထိလည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ တရားစခန်းမတိုင်မီ သုံးရက်ကြိုတင်၍ စာရင်းပေးသွင်းရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

စက်တင်ဘာ ၅ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Naval Staff Indian Navy, Admiral Madhvendra Singh (PVSM, AVSM, ADC) ခေါင်းဆောင်သည့်အဖွဲ့ ရေတပ်လေ့ကျင့်ရေးဌာနချုပ် သင်တန်းခန်းမဆောင်များတွင် လှည့်လည်ကြည့်ရှု လေ့လာကြစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

ရန်ကုန်တိုင်း ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်း ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ် ကုမုဒြာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက "အောင်စေပိုင်စေ"သီချင်းဖြင့် သီဆိုကပြ တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက သီဆို၊ ကပြ၊ တီးမှုတ်ဖျော်ဖြေကြသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

❀ အမျိုးသားရေးမှ

ပြန်လည်ဖော်ထုတ် ထိန်းသိမ်းမှုများကို အလေးထား ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကို အစဉ်တစိုက် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံတော်အဖို့ အမျိုးသားရေး စိတ်ဓာတ်မြင့်မားခိုင်ကျည်မှုနှင့် ရိုးရာယဉ်ကျေးမှု မြတ်နိုးလေးစား စောင့်ထိန်းမှုအပိုင်းများတွင် များစွာ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရကြောင်း၊ တစ်မျိုးသားလုံး၏ ဇာတိမာန်စိတ်ဓာတ်ကို ဖော်ညွှန်းပြသနေသည့်အစဉ်အလာများကို တွေ့မြင်နေရကြောင်း" ပြောကြားသွားသည်။

သာဓက

ထို့ကြောင့် တစ်ကမ္ဘာလုံး ပြောင်းလဲနေပြီး တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးရန် ဖန်တီးနေသည့် ကာလတွင် မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှုအနုပညာများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာများကို ထိန်းသိမ်းသည့်အနေဖြင့် မြန်မာ့ရိုးရာအနုပညာရပ်များကို အစဉ်အလာ ထိန်းသိမ်းစောင့်ရှောက် လျက်ရှိသည်ကို ကောဒသမအကြိမ် (၁၁ကြိမ်) မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးက သာဓကတစ်ခုပင်ဖြစ်သည်။

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ပထမနှစ်ကျောင်းသူ မကွေးသူလေး တစ်ဦးဖြစ်သူ မအေးလဲ့ဝါဝါအောင်က "သမီးက အခုရန်ကုန်တိုင်းကိုယ်စားပြုယှဉ်ပြိုင်မှာဖြစ်ပါတယ်" ဟု ကြေးမုံသို့ပြောကြားသည်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

တွေ့ဆုံမေးမြန်း

ကြေးမုံသတင်းအဖွဲ့သည်ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ရန်ကုန်တိုင်း ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) အက ပြိုင်ပွဲတွင် ယဉ်ကျေးမှုတက္ကသိုလ် ပထမနှစ် တက်ရောက်နေသူ မွန်တိုင်းရင်းသူ သမီးပျိုတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။

"သမီးက မွန်တိုင်းရင်းသူ တစ်ဦးပါ။ သမီး ယဉ်ကျေးမှုတက္ကသိုလ် ပထမနှစ် ကျောင်းသူတစ်ဦး ဖြစ်ပါတယ်။ ဓာတ်သဘင်ဌာနကပါ။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝင်ပြိုင်တာ နှစ်ကြိမ်ရှိပါပြီ။ တတိယအကြိမ်က ပြိုင်တာ တတိယဆု ရရှိပါတယ်။ အခု ဒီအကြိမ်မှာလည်း ဆုရရှိအောင် သမီး ကြိုးစားနေပါတယ်။ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားပြသမှုကို အပင်ပန်းခံပြီး သင်ယူပါတယ်။ သမီးကို ဆရာမ ဒေါ်နုစိန်က သင်ကြားပေးပါတယ်"ဟူ၍ ကြေးမုံသို့ ပြောကြားသည်။

ထို့အတူ မကွေးတိုင်း မင်းလှမှ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) တတိယနှစ်ကျောင်းသား တစ်ဦးဖြစ်သူ

မကွေးတိုင်းမင်းလှမြို့မှယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) တတိယနှစ်ကျောင်းသား မောင်ကျော်စွာမျိုးက "မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်ပြိုင်ခဲ့တာ သုံးနှစ်ရှိပါပြီ။ အခု အဆင့်မြင့်ပညာအဆင့်အနေနဲ့ ဆုရအောင် ယှဉ်ပြိုင်မှာပါ"ဟု ရှင်းပြစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မောင်ကျော်စွာမျိုးက "ကျွန်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ပြိုင်ခဲ့တာ သုံးနှစ်ရှိပါပြီ။ သုံးနှစ်အတွင်း အကပညာကို သင်ကြားခဲ့ပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုပြီး တိုးတက်လာပါတယ်။ အခု ပြိုင်ပွဲမဝင်ခင်က ကရင်ပြည်နယ်အနေနဲ့ တစ်ကြိမ်၊ မကွေးတိုင်းအနေနဲ့ တစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အခု အဆင့်မြင့်ပညာအဆင့်အနေနဲ့ ဆုရအောင်ယှဉ်ပြိုင်မှာပါ"ဟူ၍ ကြေးမုံသို့ ပြောကြားသွားသည်။

အားနှင့်မာန်နှင့်

၎င်းအပြင် ယဉ်ကျေးမှုတက္ကသိုလ် ပထမနှစ်ကျောင်းသူ မကွေးသူလေး တစ်ဦးဖြစ်သူ မအေးလဲ့ဝါဝါအောင်က "သမီးက အခု ရန်ကုန်တိုင်း ကိုယ်စားပြု ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ သမီးက ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်သူဖြစ်တာမို့ အထူးကြိုးစားမှာဖြစ်ပါတယ်" ဟူ၍ အားနှင့်မာန်နှင့် ပြောပြသည်။

ထိုသို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ် အောင်မြင်စွာ ကျင်းပနိုင်မှုကြောင့် ယနေ့လူငယ်များ၏ စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားလာမှုနှင့်အတူ နိုင်ငံတော်နှင့် လူမျိုးဂုဏ်သိက္ခာ ပိုမိုမြင့်မား ဂုဏ်တင့်ဝင့်ထည်စေခဲ့သည် မဟုတ်ပါလား။

အားပေးချီးမြှောက်

ထို့အပြင် နိုင်ငံတော်အစိုးရက ဦးစီးဦးဆောင်မှု၊ အနုပညာရှင်ကြီးများ၏ ပူးပေါင်းပါဝင်မှု၊ ပြည်သူများ၏ အားပေးချီးမြှောက်မှုကြောင့် ယနေ့အချိန်အခါသည် ယဉ်ကျေးမှုမဏ္ဍိုင် အမြင့်ဆုံးသို့ ရောက်ရှိနေချိန်ဖြစ်သည်။

ထို့ကြောင့် မကြာမီ ကျင်းပတော့မည့် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို-

- **မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံး မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊**
- **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊**
- **မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ စစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရေး၊**
- **မြန်မာတို့၏ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊**
- **လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊**
- **တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး**

စသည့် ရည်ရွယ်ချက်များကို ယခုနှစ်ပြိုင်ပွဲဝင်ကြမည့် အနုပညာဝါသနာရှင်များအနေဖြင့် မိမိတို့၏ အနုပညာကို အစွမ်းကုန်ဖော်ထုတ်နိုင်ပြီး မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကြောင်းကို ကမ္ဘာသိ ကြေညာ မောင်းခတ်နိုင်ပါစေဟု ဆန္ဒပြုမိပါကြောင်း။ ။

(ကြေးမုံ)

ရန်ကုန်တိုင်း ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲတွင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ကျောင်းသူ သမီးပျိုလေးများ မြန်မာ့ဆိုင်းဝိုင်း ပညာရပ်ဖြင့် ယှဉ်ပြိုင်နေသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ယဉ်ကျေးမှုတက္ကသိုလ် ပထမနှစ် ကျောင်းသူ မွန်တိုင်းရင်းသူကလေးက "သမီး အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်ပြိုင်တာ နှစ်ကြိမ် ရှိပါပြီ၊ တတိယအကြိမ်ပြိုင်တာ တတိယဆု ရပါတယ်"ဟု ပြောပြသည်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ လုပ်ငန်းညှိနှိုင်းစည်းဝေးကျင်းပ

စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာ အဆင့်မီ ကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၅

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

အမှာစကားပြောကြား

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းများ စီစဉ် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြ သည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြ ကြပြီး စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

"သေနင်္ဂဗျူဟာအတတ်ပညာ" စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

Sun Tzu ၏ The Art of War ကို ချစ်နိုင်(စိတ်ပညာ) ဘာသာပြန်ဆိုသည့် "သေနင်္ဂဗျူဟာ အတတ်ပညာ" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဘီစီ ၃၀၀ခန့်က တရုတ်ပြည်တွင် ပေါ်ပေါက်ခဲ့သော စစ်သူကြီး စစ်ပညာရှင်ဆွန်ဇူ(Sun Tzu)က The Art of War ကို ပြုစုခဲ့ပြီး စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီး၌ ထိရောက်စွာ အသုံးချနိုင်သော ပညာရပ်များပါဝင်သဖြင့် ထင်ရှားလှသည့်

ကမ္ဘာ့ဂန္ထဝင်စာအုပ်ဖြစ်ပြီး အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားသော စာအုပ်ဖြစ်သည်။

(အပေါ်ပုံ) (သတင်းစဉ်)

စက်တင်ဘာ ၄ရက်က ၂၀၀၃ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်ပြခန်းအား ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ပြသလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က ရှင်းလင်းပြသစဉ်။ (ပညာရေး)

အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပွဲ မလိခနှင့် လယ်ယာ/ ဆည်မြောင်း တစ်မှတ်စီခွဲယူ

သတင်းဆောင်းပါး– ညီညီစိုးညွန့်၊ ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၃–၂၀၀၄ဘောလုံးရာသီ အားကစားဝန်ကြီးဌာနဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲ အဖြစ် (ဂ)အုပ်စုမှ မလိခအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွား သည်။

မလိခအသင်း – တစ်ဂိုး။
(တန်ဂွမ်း)
လယ်ယာ/ဆည်မြောင်း – တစ်ဂိုး။
(ထွေးမောင်)
အကောင်းဆုံးဆု – ကျော်ကျော်မင်း။
(မလိခ)
ဒိုင်လူကြီး – ဦးမောင်မောင်ကြည်။

အဆင့်မြင့်တန်းတွင် ဆက်လက် ခြေချနိုင်ရန် ကြိုးစားလျက်ရှိသော အတန်းတက်ပုဂ္ဂလိက အသင်းဖြစ်သည့် မလိခအသင်းသည် တစ်ပွဲထက် တစ်ပွဲ ခြေစွမ်းထက်လာပြီး အဆင့်မြင့်တန်း၌ အလယ်အလတ် အဆင့်ရှိသောလယ်/ဆည်အသင်းကို ဦးဆောင်ဂိုးကိုပင် စတင်သွင်းယူနိုင်ကာ သရေရသည်အထိ တောင့်ခံနိုင်ခဲ့သည်။ ပွဲဦးထွက်တွင် ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရထားသည့် လယ်/ဆည်အသင်းသည် ယနေ့ပွဲတွင် ထင်သလောက် ခြေစွမ်းမပြနိုင်ဘဲ မလိခအသင်း၏ ကြံ့ကြံ့ခံကစားမှုကို မကျော်လွှားနိုင်ခဲ့၍ နိုင်ပွဲနှင့် လွဲခဲ့ရပြီး တစ်မှတ်ဖြင့်သာ ကျေနပ်လိုက်ရသည်။

ပထမပိုင်း

ပထမပိုင်းတွင် နှစ်သင်းစလုံး အဖွင့်ဂိုး စတင်ရရှိရေးအတွက် ရှိသမျှအစွမ်း ကုန်ထုတ်ကစားခဲ့ကြသော်လည်းအပေးအယူ၊ အချိတ်အဆက်လုပ်ရာ၌ အမှားများနေကြ၍ ထင်သလောက်ကစားကွက် မမိဖြစ်နေသည်။ မလိခအသင်းကလည်း အတင်းဝင်၊ အတင်းထွက် ကစားကာ တိုက်စစ်အားမြှင့်တင်လာခဲ့ရာ ၁၇ မိနစ်တွင် နိုင်လင်းပေးသည့်ဘောလုံးကိုတန်ဂွမ်းက ပိတ်လိုက်၍ မလိခဂိုး စတင်ရရှိသွားသည်။ တန်ဂွမ်းသွင်းသောဂိုးမှာ ယနေ့ပွဲအတွက် အဖွင့်ဂိုးဖြစ်သလို အဆင့်မြင့်တန်းပြိုင်ပွဲများတွင် မလိခအသင်း စတင်သွင်းယူသောဂိုးလည်း ဖြစ်သည်။ ထို့နောက်ပိုင်း လယ်/ဆည်အသင်းက ချေပဂိုးပြန်ရရန် တရစပ်ထိုးဖောက်လာသော်လည်း မလိခအသင်းက စုစုစည်းစည်းဖြင့် ကာကွယ်ဖျက်ထုတ်နိုင်သောကြောင့် ပထမပိုင်းအပြီးတွင် မလိခအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းအစတွင် လယ်/ဆည်က အရှုံးဂိုးကိုချေပနိုင်ရန် နေရာစုံမှ ထိုးဖောက်လာရာ ၁၃ မိနစ်တွင် တိုက်စစ်မှူး ထွေးမောင်က ပြစ်ဒဏ်ဘောလုံးမှတစ်ဆင့် လှလှပပ ကန်သွင်းယူ၍ လယ်/ဆည်ချေပဂိုး ပြန်လည်ရရှိသွားသည်။ ထို့နောက်ပိုင်း အနိုင်ဂိုးရရှိရေးအတွက် နှစ်သင်းစလုံး အားပိုထည့်လာကြသော်လည်း နှစ်ဖက်နောက်တန်းလူများ ခံစစ်ကို ကျစ်ကျစ်လျစ်လျစ် ကစားသွားနိုင်သောကြောင့် ဂိုးထပ်မသွင်းနိုင်ဘဲ ပွဲအပြီး၌ သရေပွဲဖြစ်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ပွဲကစားအပြီးတွင် (ဂ)အုပ်စု၌ ပြည်ထဲရေးအသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိထားသောကြောင့် အုပ်စုတက်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ လယ်/ဆည်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်ရရှိထားပြီး မလိခအသင်းမှာ နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်ရရှိထားသည်။ လျှပ်စစ်စွမ်းအားအသင်းမှာ နှစ်ပွဲကစား နှစ်ပွဲရှုံး ရမှတ်မရရှိသေးသောကြောင့် အုပ်စုတက်ရန် အခွင့်အလမ်း အလွန်နည်းနေပြီ ဖြစ်သည်။ အုပ်စုတက်ရေး ကျန်တစ်နေရာအတွက် လယ်/ဆည်နှင့်မလိခတို့ အပြိုင်ကြဲရမည် ဖြစ်သည်။ နောက်ဆုံးပွဲအပေါ်မူတည်၍ အုပ်စုတက်မည့် အသင်း ပေါ်ထွက်လာမည်ဖြစ်သည်။

လူပြောင်းလဲ

ပွဲအပြီးတွင် ယနေ့ပွဲနှင့် ပတ်သက်၍ကြေးမုံက နှစ်ဖက်အသင်းအား မေးမြန်းရာ မလိခအသင်းအုပ်ချုပ်သူ ဦးမြင့်လှိုင်က "ပထမပွဲတွင် အရေးနိမ့်ထား၍ ယနေ့ပွဲတွင် အနိုင်ရရှိရန် လူအပြောင်းအလဲများ လုပ်ခဲ့ကြောင်း၊ လူအပြောင်းအလဲလုပ်ခဲ့သောကြောင့် ကစားကွက်နှင့် အံဝင်မှုသိပ်မရှိခဲ့ကြောင်း၊ သို့သော် ကလေးများအားကြိုးမာန်တက်ကစားခဲ့ကြောင်း၊ မိမိထက် အတွေ့အကြုံ အများကြီးရှိသည့် လယ်/ဆည်အသင်းကို ခံကစားနိုင်ခဲ့ကြောင်း၊ နောက်ပွဲတွင်လည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ လယ်/ဆည်အသင်းအား မေးမြန်းရာ "ယနေ့ပွဲတွင် ပထမပွဲလောက် မကစားနိုင်ခဲ့ကြောင်း၊ ကလေးတွေ ခြေမှန်ပျောက်နေကြသလို ကစားကွက်လည်း မမိဖြစ်နေကြောင်း၊ စည်သူမောင်မှာလည်း ဒဏ်ရာရနေ၍ မကစားနိုင်သောကြောင့် တိုက်စစ်အား ပျော့ခဲ့ရကြောင်း၊ မလိခအသင်းသည် ညီညွတ်မှုရှိသလို ကစားအားရှိသောကြောင့် မိမိတို့အသင်း အတော်ကလေးပင် ကစားခဲ့ရကြောင်း၊ အုပ်စုတက်ရေးအတွက် ပြည်ထဲရေးနှင့်ပွဲကို အနိုင်ရအောင် အစွမ်းကုန် ကြိုးစားသွားမှာဖြစ်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

(အောင်ဆန်းကွင်း)

(ဃ) အုပ်စု

မြို့တော်စည်ပင်နှင့် ဘဏ္ဍာ/အခွန်။

(ကြေးမုံ)

မလိခနောက်ခံလူများကြားမှ လယ်/ဆည်မှ အောင်ကျော်၏ ထိုးဖောက် ခေါင်းတိုက် ဂိုးသွင်းဟန်။
ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ရွှေနေချပ်ရုံး ဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

ရွှေနေချုပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှ ကြီးမှူး၍ ဒေါက်တာ မင်းတင်မွန်(မဟာသဒ္ဓမ္မဇောတိကဓဇ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ညွှေ့ပါမောက္ခ)က ဗဟန်း ၂လမ်းရှိ ရွှေနေချုပ်ရုံးဓမ္မာရုံတွင်ဝါတွင်း လပြည့်၊ လကွယ်ရက်များ၏ အဖိတ်နေ့များတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

စက်တင်ဘာ ၉ရက် ညဖနာရီခွဲတွင် ဘဝချမ်းသာရေး တရားတော်ကို ဟောကြားမည်ဖြစ်ရာ ဗဟန်း ၂လမ်းထိပ်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံသို့ မည်သူမဆို တက်ရောက်နာယူနိုင်ကြောင်း သိရသည်။ (က–ပ)

အင်အားအသင့်အတင့် မြေလျှင်လှုပ်သွား

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၃ခုနှစ် စက်တင်ဘာ ၅ရက် မြန်မာစံတော်ချိန် ၀၇နာရီ ၅၅မိနစ် ၅၂စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ တောင်ဘက် ၈၂မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၉အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

တည်ဆောက်မြှင့်တင် တိုးတက်ဖွံ့ဖြိုး စည်ပင်

ပြည်ထောင်စု တစ်ခွင်တစ်ပြင်လုံးကို တည်ဆောက်မြှင့်တင်ရာတွင် နိုင်ငံတော်၏မြို့တော် ရန်ကုန်မြို့ကိုသာမက အထက်မြန်မာနိုင်ငံ၏ မြို့တော် မန္တလေးမြို့လည်း ပါဝင်သည်။အပေါ်ပုံတွင် တိုက်တာ၊ အိမ်ခြေ၊ လမ်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မန္တလေးမြို့ မြင်ကွင်းကိုဝေဟင်မှ ဤသို့တွေ့ရသည်။ (အပေါ်ပုံ)

ယာပုံမှာ ထားဝယ်မြို့ ကျက်သရေဆောင် ထားဝယ်မြို့တော်ခန်းမ အဆောက်အအုံနှင့် အောက်ပုံတွင် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အနီးတွင် တည်ဆောက်လျက်ရှိသော မုန်းချောင်းတမံကြီး၏ ရေပြင်ကို ပန်းချီကားချပ်သဖွယ် ဤသို့ တွေ့ရသည်။

(ကြေးမုံ)



မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ မုန်းချောင်းတမံကြီး၏ ရေပြင်အလှ

မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၃ ဖွင့်ပွဲနေ့က ပြပွဲခန်းမအတွင်း လာရောက်ဝယ်နေသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ အနီးကပ်တိုက်ခိုက်နည်း သိုင်းစွမ်းရည်ပြပွဲနှင့် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၏ကြီးကြပ်မှုဖြင့် ခရိုင်အလိုက် ဖွင့်လှစ်သည့် အနီးကပ်တိုက်ခိုက်နည်း(မြန်မာ့သိုင်း) သင်တန်းအမှတ်စဉ်(၆/၂၀၀၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးနှင့် ရဲအရာရှိကြီးများ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက သင်တန်းဆင်းတပ်ဖွဲ့ဝင်များအား အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းဆင်းတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အား ခရိုင်အလိုက် သိုင်းစွမ်းရည်ပြသရာ ရဲချုပ်က လိုအပ်သည်များမှာကြားပြီး ခရိုင်အလိုက် သိုင်းစွမ်းရည်ပြသကြသည့် တပ်ဖွဲ့ဝင်များနှင့် သိုင်းဆရာများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းအနေဖြင့် တိုင်းရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်

ယင်းနောက် သင်တန်းတွင် ခရိုင်အလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် တပ်ဖွဲ့ဝင် သင်တန်းသားများအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်ရဲတပ်ဖွဲ့မှူးများက ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၃ ဖွင့်ပွဲကျင်းပ ကုမ္ပဏီ ၄၇ခု အရောင်းပြခန်းများ ဖွင့်လှစ်

သတင်းဆောင်းပါး –ဒွေးကြည်၊ ဓာတ်ပုံ –အောင်မိုး(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Quartz International ကုမ္ပဏီက ကြီးမှူးစီစဉ်သော မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၃ ဖွင့်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန (Yangon Trade Centre)တွင် ကျင်းပရာ ကြေးမုံသတင်းအဖွဲ့လည်း တက်ရောက်ခဲ့သည်။

ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန အတွင်းသို့ ဝင်လိုက်လျှင် အဆောက်အအုံ၏နဖူးစည်းတွင် ရေးထားသည့် ကုန်သွယ်မှုမှ မျှဝေခံစား အကျိုးစီးပွား

"ကျွန်တော်တို့ ထုပ်ပိုးလုပ်ငန်းဟာ ပစ္စည်းထုတ်လုပ်သူတိုင်းမှာ မရှိမဖြစ် လိုအပ်ပါတယ်"ဟု ဂျပန်လှိုင်းတွန့်စက္ကူပုံးနှင့် ပလတ်စတစ်ထုပ်ပိုးကြိုးပြားထုတ်လုပ်ရေးလုပ်ငန်းမှ အရောင်းမန်နေဂျာ ဦးစန်းမောင်က ကြေးမုံသို့ ရှင်းပြစဉ်။ ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

ဟူသော စာတန်းကလေးက မိမိတို့အဖွဲ့အား ကြိုဆိုလျက် ရှိပေသည်။ အဆောက်အအုံအတွင်းရှိ အခန်းပေါင်း ၆၀တွင် ကုမ္ပဏီပေါင်း ၄၇ခုမှ အရောင်းပြခန်းများဖွင့်ကာ ပြည်တွင်းပြည်ပ ကုန်ပစ္စည်းများ ရောင်းချလျက် ရှိကြသည်။

ပြခန်းများအတွင်း ရောင်းချလျက်ရှိသော ပစ္စည်းများမှာ အထည်အလိပ်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန် ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းနှင့် လက်ရာများ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ စက္ကူ၊စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစား စက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ အရေပြားအလှအပထိန်းသိမ်းရေးနှင့် စက္ကူအာရုံသုံး ပစ္စည်းအမျိုးမျိုးတို့ဖြစ်ကြသည်။

အီးမေးလ်–အင်တာနက်

မိမိတို့ကြေးမုံအဖွဲ့သည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုနေစဉ် ပြခန်းအချို့မှ တာဝန်ရှိသူများကိုလည်း တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။ ပထမဦးစွာ Bagan Cybertech မှ ဈေးကွက်ရှာဖွေရေးအရာရှိ ဦးကျော်သူအောင်အား တွေ့ဆုံမေးမြန်းရာ ဦးကျော်သူအောင်က "e-Mail နှင့်ပတ်သက်ပြီး ပြည်သူအများပိုပြီး စိတ်ဝင်စားလာအောင် ခင်းကျင်းပြသထားခြင်း ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ e-Mail တို့၊ Internet တို့ အသုံးပြုပုံ၊ အသုံးပြုခြင်းဖြင့် ဘယ်လို

"ပြည်သူကလဲလက်ခံလာမယ်ဆိုရင် သူတို့ဆီက ထုတ်လုပ်တဲ့ စက်တွေကိုမှာပြီး ပြည်တွင်းမှာ ထုတ်လုပ်သွားနိုင်အောင် ဆောင်ရွက်သွားပါ့မယ်"။ (ဦးမောင်မောင်ကြီး၊ မန်နေဂျာ–စတားရောင်းချရေးနှင့် ဖြန့်ဖြူးရေးဌာန)။ ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

အကျိုးရှိသလဲဆိုတာ နားလည်စေချင်လို့ပါပဲ။ e-Mail Account တစ်ခုကို ငွေကျပ် ၈၀၀၀ လွယ်လွယ်ကူကူ ဝယ်လို့ရအောင်လည်း လာရောက်ရောင်းချပေးခြင်းဖြစ်ပါတယ်။ e-Mail နှင့် Internet စိတ်ဝင်စားတဲ့ ပြည်သူများအနေနဲ့ အခမဲ့ စမ်းသပ်သုံးနိုင်အောင်လည်း ကွန်ပျူတာတွေကို ချထားပေးပါတယ်။ စိတ်ဝင်စားပြီး သုံးချင်လိုသူများကို e-Mail ကို ဘယ်လိုသုံးရတယ်၊ Internet ကို ဘယ်လိုသုံးရတယ်ဆိုတာ ရှင်းလင်းပြသပြီး အခမဲ့ စမ်းသပ်အသုံးပြုလို့ရပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။

နို့ဆီနို့စိမ်း

ထို့နောက် မိမိတို့သည် စင်ကာပူနိုင်ငံမှ နို့ဆီနို့စိမ်းနှင့် ကော်ဖီမစ်များကို တင်သွင်းရောင်းချလျက်ရှိသည့် စတားရောင်းချရေးနှင့် ဖြန့်ဖြူးရေးဌာနမှ မန်နေဂျာဦးမောင်မောင်ကြီးကိုလည်း တွေ့ဆုံခဲ့ပါသည်။ မန်နေဂျာဦးမောင်မောင်ကြီးက "ကျွန်တော်တို့ကတော့ Blue Star နို့ဆီ၊ နို့စိမ်းနှင့် Blue Coffee Mix ကို စင်ကာပူနိုင်ငံမှ တင်သွင်းရောင်းချပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ တင်သွင်းတဲ့ နို့ဆီနှင့် နို့စိမ်းတွေဆိုရင် နိုင်ငံတကာအဆင့်မီတဲ့ ကုန်ကြမ်းတွေသုံးပြီး ခေတ်မီစက်ကိရိယာတွေ၊ ခေတ်မီနည်းစနစ်တွေနဲ့ အသုံးပြုပြီး ထုတ်လုပ်ထားတဲ့အတွက် အရည်အသွေးမီ၊ စံချိန်မီပြီး ဘေးဥပဒ် ကင်းကင်းရှင်းရှင်းနဲ့ စားသုံးနိုင်အောင် ဆောင်ရွက်ထားပါတယ်။

"ပြည်သူများအနေနဲ့ e-Mail နှင့် Internet အသုံးပြုပုံ၊ အသုံးပြုခြင်းဖြင့် ဘယ်လိုအကျိုးရှိသလဲဆိုတာကို နားလည်စေချင်လို့ပါပဲ"ဟု ကြေးမုံသို့ရှင်းပြနေသည့် Bagan Cybertech မှ ဈေးကွက်ရှာဖွေရေးအရာရှိ ဦးကျော်သူအောင်အား တွေ့ရစဉ်။ ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

နောက်ဆုံး ကျွန်တော်တို့အနေနဲ့က အခုတင်သွင်းတဲ့ နို့ဆီ၊ နို့စိမ်းတွေဟာ အရည်အသွေးမှန်ကန်ပြီး ပြည်သူကလည်း လက်ခံလာမယ်ဆိုရင် သူတို့ဆီက အဲဒီထုတ်လုပ်တဲ့ စက်တွေကို မှာပြီး ပြည်တွင်းမှာ ထုတ်လုပ်သွားနိုင်အောင် ဆောင်ရွက်သွားပါမယ်"ဟု ပြောကြားခဲ့သည်။

ထုပ်ပိုးကုန်ပစ္စည်း

ကြေးမုံသတင်းအဖွဲ့သည် ကုန်ပစ္စည်းများကို စက်ကြီးများဖြင့် ထုပ်ပိုးပြသနေသည့် အခန်းကို ရောက်သောအခါ မန်နေဂျာဦးစန်းမောင်အား ထုပ်ပိုးကုန်ပစ္စည်းနှင့် ပတ်သက်၍ မေးမြန်းခဲ့ပါသည်။ မန်နေဂျာ ဦးစန်းမောင်က "ကျွန်တော်တို့ လုပ်ငန်းကတော့ ဂျပန်နိုင်ငံ လှိုင်းတွန့်စက္ကူပုံးနဲ့ ပလတ်စတစ်ထုပ်ပိုးကြိုးပြား ထုတ်လုပ်တဲ့ စက်ရုံဖြစ်ပါတယ်။ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာမှာ ရှိပါတယ်။ ကျွန်တော်တို့ ထုပ်ပိုးလုပ်ငန်းဟာ ပစ္စည်းထုတ်လုပ်သူတိုင်းမှာ မရှိမဖြစ်လိုအပ်ပါတယ်။ ငါး၊ ပုစွန်ထုတ်လုပ်ရေး၊ လူသုံးကုန်ပစ္စည်း၊



"Welcome General Trading Co,မှထုတ်လုပ်သည့် ပျားရည်များ တစ်နှစ်တန် ၁၀၀ နီးပါး နိုင်ငံခြားသို့ တင်ပို့ရောင်းချနေရပါတယ်"ဟု အထွေထွေမန်နေဂျာ ဦးကြည်လွင်ဦးက ကြေးမုံသို့ ရှင်းပြစဉ်။ ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

အဝတ်အထည်ထုတ်လုပ်တဲ့ စက်ရုံတွေဆိုရင် စက္ကူပုံးကိုလည်း သုံးရတယ်။ စက္ကူပုံးကို ချည်နှောင်ဖို့ ပလတ်စတစ်ကြိုးပြားကိုလည်း သုံးရပါတယ်။ ထုပ်ပိုးတဲ့စက်ကတော့ ဂျပန်နိုင်ငံက တင်သွင်းထားပါတယ်။ ဒီစက်တွေကို ကျွန်တော်တို့ ကုမ္ပဏီမှာလည်း ဝယ်ယူလို့ရပါတယ်။ တကယ်လို့ စက်မဝယ်နိုင်ဘူးဆိုရင် စက်ကို ငှားရမ်းပါတယ်။ အခုဆိုရင် ငါး၊ပုစွန် ထုတ်လုပ်ရေးစက်ရုံနဲ့ လူသုံးကုန်ပစ္စည်း ထုတ်လုပ်တဲ့ စက်ရုံ ၁၀ရုံကနေပြီး ကျွန်တော်တို့ကုမ္ပဏီက စက်တွေကို ငှားရမ်းသုံးနေကြပါတယ်"ဟု ကြေးမုံသို့ရှင်းပြသည်။

ကြေးမုံသတင်းအဖွဲ့သည် ပဲပုပ်ဆီနှင့် ပျားရည်ထုတ်လုပ်သည့် Welcome General Trading Co., အထွေထွေမန်နေဂျာ ဦးကြည်လွင်ဦးနှင့် တွေ့ဆုံခဲ့ကြသည်။ အထွေထွေမန်နေဂျာဦးကြည်လွင်ဦးက "ကျွန်တော်တို့ ကုမ္ပဏီက ပဲပုပ်စေ့ဆီ၊ ပျားရည်အမျိုးမျိုး၊ ပျားဝတ်မှုန်နဲ့ ရှိုင်ရယ်ဂျယ်လီတို့ကို ထုတ်လုပ်ရောင်းချပါတယ်။ ပဲပုပ်စေ့ဆီကို မြန်မာနိုင်ငံအတွင်းမှာပဲ ထုတ်လုပ်ပြီး စက်မှု(၁)မှာ စားသုံးနိုင်အောင် သန့်စင်ပြီးမှ ပြည်သူကို ရောင်းချရတယ်။ ကျွန်တော်တို့ ထုတ်လုပ်တဲ့ ပဲပုပ်စေ့ဆီဟာ ကိုလက်စထရော ၁၀၀ရာခိုင်နှုန်း ကင်းစင်ပြီး ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါများကို မဖြစ်ပွားအောင်လည်း တားဆီးပေးနိုင်ပါတယ်၊ ပျားရည်ကျတော့လည်း မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာန၊ ပျားမွေးမြူရေးဌာနနဲ့ အကျိုးတူ ပူးပေါင်းထုတ်လုပ်ပြီး ဖြန့်ချိရောင်းချနေပါတယ်၊ အပြင်မှာ ရောင်းနေကြတဲ့ ပျားရည်နဲ့ ကျွန်တော်တို့ ပျားရည်ဟာ သန့်ရှင်းမှု ကွာပါတယ်၊ ဒါကြောင့်လည်း နိုင်ငံခြားကို တစ်နှစ်မှာ တန် ၁၀၀လောက် တင်ပို့ရောင်းချနေရပါတယ်။ အခုထုတ်လုပ်နေတာကတော့ သဘာဝပျားရည်၊ ရှောက်ပျားရည်၊ သွေးသန့်ပျားရည်၊ ကြက်သွန်ဖြူပျားရည်နဲ့ ချင်းပျားရည်တို့ဖြစ်ကြပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အခြားဆေးနှစ်မျိုးကတော့ ပျားဝတ်မှုန်နဲ့ ပျားနို့ဆေးတောင့်တွေဖြစ်ကြပါတယ်၊ ကျွန်တော်တို့ထုတ်လုပ်တဲ့ ပျားရည်ဟာ ဈေးနှုန်းချိုသာပြီး အမြို့မြို့ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၃မှ ပြန်လည်ထွက်ခွာလာစဉ် စီးပွားရေးဦးတည်ချက်လေးရပ်ထဲမှ "နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး"ဆိုသည့် ဦးတည်ချက်ကို မြင်ယောင်မိပါတော့သည်။ ။ **(ကြေးမုံ)**

2003•2012
United Nations
LITERACY DECADE

ရနံ့သစ်မဂ္ဂဇင်း အသွင်သစ်ဖြင့်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၅

မျက်မှောက် နိုင်ငံတကာရေးရာ သုံးသပ်ချက် ဆောင်းပါးများ၊ နိုင်ငံတကာ သုတ၊ရသ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ အက်ဆေးများ၊ ခေတ်ပြိုင်စာရေးဆရာပေါင်းစုံတို့၏ လက်ရာများဖြင့် သပ်ရပ်လှပစွာ ထုတ်ဝေလိုက်သည့် ရနံ့သစ်မဂ္ဂဇင်း၊အမှတ်(၁၀၅)၊ စက်တင်ဘာလကို နေလစာပေက တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က–ပ)

ရွှေနိုင်ငံဂျာနယ် အတွဲ(၂) အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

ရွှေနိုင်ငံဂျာနယ် အတွဲ(၂) အမှတ်(၁၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ပဲခူးတိုင်း ရေတာရှည်မြို့နယ် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်သည့်သတင်း၊ မောင်ဆုရှင်၏ စိတ်ဓာတ်နှင့် စိတ်ထားဆပွားခြင်း၊ ချစ်နိုင် (စိတ်ပညာ)၏ အဆွေခင်ပွန်းကောင်း၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်၊ ဒေါက်တာလှမောင်(စီးပွားရေး)၏ လူငယ်များအတွက် စီးပွားရေးပညာရပ်၊ မောင်ပညာကျော်၏ ဟိုအနောက်တိုင်းဆီဝယ်၊ ညွန့်ဟံ(ကြူတော)၏ အပြစ်ကင်းစင်သော ဗဟုသုတဆည်းပူးခြင်း၊ ဦးသန်းထွန်း(ရွှေဘို)၏ လူ၏တန်ဖိုး၊ ဓာတ်ပုံမောင်မောင်၏ အင်္ဂပူက နန်ကသူ ချောင်းကူးတံတား၊ မောင်ကျေးဇူး၏ အချမ်းသာဆုံးနိုင်ငံမှ အဆင်းရဲဆုံး အိမ်မဲ့ရာမဲ့ပြဿနာများ၊ သိပ္ပံစိုးမြင့်နိုင်၏ လှမ်းကြည့်ညီ ရွှေပြည်သစ်ဆီ ကဗျာများ၊ နိုင်ငံတကာ အားကစားသတင်းများ၊ မောင်ယဉ်ကျော်၏ မှုခင်းပုံရိပ်သင်ခန်းစာများ၊ ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းဆောင်းပါးများ စုံလင်စွာ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

စီမံခန့်ခွဲမှုဒီပလိုမာ သင်တန်းခွဲများ ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၅

United Engineering Co., Ltd. (Myanmar), Informatics Holding Co., Ltd. (Singapore), Sumitomo Corporation (Singapore) တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ ပထမဦးဆုံးဖွင့်လှစ်သည့် Thames Management Center ၌ ယခုအခါ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်မှုကို အထောက်အကူပြုစေရန်နှင့် နိုင်ငံသားတိုင်း အဆင့်မြင့်စီမံခန့်ခွဲမှုပညာရပ်များကို လွယ်လင့်တကူ တက်ရောက်သင်ကြားနိုင်ရန် ရည်ရွယ်လျက် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်း တန်းခွဲသစ်များကို စက်တင်ဘာ ၂၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ဖုန်း-၂၀၀၃၄၃၊ ၂၀၃၁၈၈ နှင့် ၂၉၆၈၂၉ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

အလှူငွေပေးအပ်

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက်က မြို့တော်ခန်းမ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသော ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (၁၉)

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာ ပီ၊ ဂျီ၊ အေ (Myanmar PGA) တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2003) ၏ ပထမပွဲစဉ် Kaung Myat Golf Open Championship ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်း ကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-West) က သတ်မှတ်ရိုက်ချက်ထက် ဒုတိယနေ့တွင် လေးချက်လျော့ရိုက်ပြီး(၆၆+၆၈) ပေါင်း ၁၃၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်း (YCDC)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး (၇၀+၇၀)ပေါင်း ၁၄၀ချက်ဖြင့် ဒုတိယလိုက်နေပြီး ဇော်ဇော်လတ် (Pan-West) က (၇၀+၇၄)ပေါင်း ၁၄၄ချက်ဖြင့် တတိယလိုက်ကာ သန်းနိုင် (Wilson)က (၇၁+၇၄)ပေါင်း ၁၄၅ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

အပျော်တမ်းပြိုင်ပွဲ

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်က (၇၃+၇၁)ပေါင်း ၁၄၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဇော်ဇင်ဝင်းက (၇၅+၇၃)နှင့် မြတ်ထွဋ်က (၇၅+၇၃)ပေါင်း ၁၄၈ချက်စီဖြင့် ဒုတိယလိုက်ကာ မျိုးမင်းအောင်က (၇၁+၇၈)ပေါင်း ၁၄၉ချက်ဖြင့် တတိယလိုက်နေသည်။

ပါဝင်ကူညီ

ယင်းပြိုင်ပွဲတွင် Main Sponsors အဖြစ် RPMM က ဆောင်ရွက်ပြီး Title Sponsors အဖြစ် K.M Golf Centre၊ Official Airline အဖြစ် Air Mandalay၊ Official Sports Wear အဖြစ် Grand Slam (Munsing Wear)၊ Official Hotel အဖြစ် Sedona Hotel (Mandalay)၊ Official Drinking Water အဖြစ် Loi-Hein (Alpine)၊ Official Office Equipment Supplier အဖြစ် Canon၊ Official Paint Supplier အဖြစ် UPG၊ Golf Equipment Supplier အဖြစ် Wilson၊ Ping၊ Tiger Beer၊ Mandalay Cement Industries Co., Ltd. တို့ကလည်း ပါဝင်ကူညီကြသည်။

ဆောင်ရွက်

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို စက်တင်ဘာ ၆ ရက် (ယနေ့)နံနက် ၇နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ဒုတိယနေ့ Professional Golfers ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော စိုးကျော်နိုင် (Pan-West) ယှဉ်ပြိုင်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

Orchard Beauty Saloon

ဆိုင်သစ်ဖွင့်ပွဲ

၆-၉-၂၀၀၃ နေ့မှစ၍ ၃၀-၉-၂၀၀၃ ထိ
ဘွဲ့ယူခြင်း၊ မျက်နှာ၊ ဆံပင်အလှပြုပြင်ခြင်း

10 % discount

၆၂/အေ၊ စံရိပ်ငြိမ်၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၉၅၁-၇၁၀၂၂၉၊ ၀၉-၅၁၀၉၃၆၈။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **Marketing** — ကျား/မ (၃)ဦး
- လုပ်သက်အနည်းဆုံး (၃)နှစ်ရှိရမည်။

၂။ **Accountant** — မ (၃)ဦး
LCCI Level III (သို့) B.Com. အောင်မြင်ပြီးသူဖြစ်ရမည်။

၃။ **ယာဉ်ပြင်တာဝန်ခံ** — ကျား (၁)ဦး
- A.G.T.I-M.P (သို့) B.E Mechanical ဖြစ်ရမည်။
- လုပ်သက်အနည်းဆုံး (၁၀)နှစ်ရှိရမည်။

ကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း လိုင်စင်ဓာတ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်သည်။

T.W. J.S Co., Ltd.
အမှတ်(၂၃)၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမ၊ လှိုင်မြို့နယ်၊
ရန်ကုန်-ဖုန်း ၆၈၁၈၀၅၊ ၆၈၁၈၀၆၊ ၆၈၁၈၈၃။

ကျောက်ဖြူခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

ကျောက်ဖြူ သြဂုတ် ၂၆

၂၀၀၃ ခုနှစ် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို သြဂုတ် ၁၇ ရက် ညနေ ၄ နာရီက ကျောက်ဖြူမြို့ မြို့မအားကစားကွင်း၌ ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲအဖြစ် ကျောက်ဖြူမြို့နယ်အသင်းနှင့် မာန်အောင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျောက်ဖြူမြို့နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပထမဒိုင်းဆုရရှိသော ကျောက်ဖြူမြို့နယ် ဘောလုံးအသင်းအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်က ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ပြီး **(အောက်ပုံ)** တာဝန်ရှိပုဂ္ဂိုလ်များက ဒုတိယဆုနှင့် အကောင်းဆုံးအားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

မျက်စိဝေဒနာရှင်များအား ရှာဖွေခွဲစိတ်ကုသ မကွေးတိုင်းဥက္ကဋ္ဌနှင့်ဇနီး လူနာများအား တွေ့ဆုံအားပေး

မကွေး စက်တင်ဘာ ၃

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းနှင့်ဇနီး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်မိမိတို့သည် သြဂုတ် ၁၃ ရက်က မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီး မျက်စိကုသဆောင်တွင် ခွဲစိတ်ကုသခံမည့် မျက်စိဝေဒနာရှင် ၂၈ ဦးအား တစ်ဦးချင်း တွေ့ဆုံအားပေးသည်။ (အပေါ်ပုံ)

စမ်းသပ်စစ်ဆေး

မကွေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများမှ ဆင်းရဲချို့တဲ့သည့် မျက်စိရောဂါဝေဒနာရှင် ၂၈၃ ဦးအား စာရင်းကောက်ရှာဖွေခဲ့ပြီး မင်းဘူးခရိုင် မျက်မမြင်နှင့် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးအောင်ဆန်းဝင်းက မကွေးမြို့သို့ လာရောက်၍ စေတနာဖြင့် စမ်းသပ်စစ်ဆေးကုသပေးသည်။

အထူးခွဲစိတ် ကုသမှုခံယူကြမည့် မျက်စိရောဂါဝေဒနာရှင်၂၈ ဦးအား တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ တိုင်းဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်မိမိက လိုအပ်မှုများကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ (၅၀၄)

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရပ်စောက် စက်တင်ဘာ ၃

ရှမ်းပြည်နယ် ရပ်စောက်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၃၅၁)၌ စက်တင်ဘာ ၁၁ ရက်မှ ၁၈ ရက် ထိ ကျင်းပမည့် ခုနစ်ရက်တရားစခန်းပွဲတွင် နယ်လှည့်ဓမ္မကထိက ဆရာတော်ဦးဝိစိတ္တက ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၀၈၁/၂၇၆၉၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြည့်ရှုစစ်ဆေး

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် သြဂုတ် ၂၇ရက်က ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေဝင်းဈေးအတွင်း ဈေးသန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးအတွက် အဖွဲ့၏ မတည်ငွေနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကိုယ်အားကိုယ်ကိုး စက်ရေတွင်းနှင့် ရေကန်တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဆင်းရွှေလီစပါး အထွက်တိုးရေး ကွင်းဆင်းဆောင်ရွက်

နောင်ချို သြဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် ဆင်းရွှေလီ အထူးအထွက်တိုးစပါးကို သတ်မှတ်လျာထားချက် ပြည့်မီစွာ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၂ ရက် နံနက်ပိုင်းက နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်သည် မြို့နယ်ကျေးရွာအုပ်စု စိုက်/ကြပ်တာဝန်ခံများ လိုက်ပါလျက် ဆင်းရွှေလီအထူးအထွက်တိုးစပါး စိုက်ပျိုးနေသည့် တောင်သူကြီးများနှင့် တွေ့ဆုံပြီး တစ်ဧကလျှင် တင်း ၁၀၀ ကျော် ထွက်ရှိအောင် စပါးစိုက်ပျိုးရာတွင် လိုက်နာရမည့် နည်းစနစ် ၁၅ ချက်နှင့်အညီ စိုက်ပျိုးကြရန်နှင့် ရေရရှိစေရန် ချောင်း၊ မြောင်းပိတ်ပြီး ရေသွယ်ယူကြရန် ဆွေးနွေးပြောကြားခဲ့သည်။ (၂၄၂)

မြို့နယ်သတင်းများ

ရေပိုက်သွယ်တန်း

သြဂုတ် ၂၀ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဈေးချိုမြောက်ရပ်ကွက် အရှေ့လမ်းမတော်လမ်းတွင် ရေရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ရေပိုက်များသွယ်တန်းမှုကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ကြပ်မတ်ဆောင်ရွက်စဉ်။ (၁၂၄)

သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

နွားထိုးကြီး သြဂုတ် ၂၉

နွားထိုးကြီးမြို့ပေါ် ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေးအတွက်မြို့နယ် ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၉ ရက် နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် နယ်မြေတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးခင်မောင်ကြီး၏ ကြီးကြပ်မှုဖြင့် မြို့နယ်သူနာပြုအဆင့်(၁)ဆရာမကြီး ဒေါ်ကြည်ညွှန့်နှင့်အထက်တန်းသူနာပြုဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌများလိုက်ပါ၍ တစ်အိမ်တက်ဆင်း ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း၊ရေစီးရေလာကောင်းအောင် ရေမြောင်းများ တူးဖော်ခြင်း၊ သန့်ရှင်းရေးစုပေါင်းပြုလုပ်ခြင်း၊ ယင်လုံအိမ်သာများ စစ်ဆေးခြင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ကြသည်။ (၉၄)

ထောက်ပံ့ပေးအပ်

မြောင်းမြမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို သြဂုတ် ၂၃ရက်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးစိန်ထွန်းက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။ (၁၇၆)

တိုင်းရင်းဆေး ပညာပေး ဆင့်ပွားသင်တန်းဖွင့်

ကန့်ဘလူ သြဂုတ် ၂၀

ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အိမ်ထောင်ရှင်မိခင်များသို့ တိုင်းရင်းဆေးပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်မာမာအေးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိုင်းရင်းဆေးခန်းမှူး ဒေါ်သန်းသန်းလတ်က အဖြစ်များသော အမျိုးသမီးရောဂါများအကြောင်းနှင့် မုရားကြီး၊ ရှားစောင်းလက်ပပ်၊ ရွက်ကျပင်ပေါက်၊ မီးကွင်းဂမုန်းစသည့် အလွယ်စိုက်ပျိုးရရှိနိုင်သည့် တိုင်းရင်းဆေးပင်များ အသုံးပြုပုံတို့ကို ဆွေးနွေးပို့ချကြောင်း သိရသည်။ **(၃၈၆)**

- တစ်ခေတ်သတ်အချိန်အခါပြီ ပြီးခြောက်နေခြင်းဖြင့် ဝိဒိုကာရေစိမပြစ်ထွန်းနိုင်ပါ။
- တစ်ဦးနှင့်တစ်ဦး ထိပ်တိုက်ရင်ဆိုင်ကြရသည်ထက် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည် -
- ဝိဒိုကာရေစိရေးကို တစ်ခေတ်ကောင်းနင်းဖိအားပေးမှုနှင့် ဖြေရှင်းနိုင်ပါမလား။
- အတွေးသစ်အမြင်သစ်တွေနဲ့ လမ်းသစ်တစ်ခုကို လက်တွဲဖောက်ကြမယ်လို့ မျှော်လင့်ခဲ့သမျှ ရောင်နီလေးထွန်းလာချိန်မှာပဲ အမြော်အမြင်နည်းပါးလွန်းတဲ့ လုပ်ရပ်၊ အဆင်ခြင်တုံးကင်းမဲ့တဲ့အဖြစ်အပျက်တစ်ခုကို ဖန်တီးပုံဖော်လိုက်တဲ့အခါ-

စသည်တို့ကို စေ့စေ့ငုငုလေ့လာမှတ်သားဖတ်ရှုနိုင်ခွင့်ရရှိမဲ့

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ နှင့် လက်ရွေးစင်ဆောင်းပါးများ



အင်္ဂလိပ်ဘာသာဖြင့် ရက်ပိုင်းအတွင်း ဖြန့်ချိပါမည်။

ဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ဂူမရိုစက္ကူဖြင့်ကျပ် ၄၇၅
နယူးစပရင့်စက္ကူဖြင့်ကျပ် ၁၈၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
☎ - ၂၉၄၃၃၀၆

- ဧည့်ကမ်းပြည့်ဝသော ဝိဒိုကာရေစိစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး တည်ဆောက်ရန်မှာ ပြည်သူတို့၏ သည်းခြေကြိုက်ရည်မှန်းချက်များဖြစ်သည်။
- စကားနောက် တရားပေါ် နှုတ်ကြောက်သော လက်ကြောင့်ကျေး၊ တံတားတိုမှောင်မိုမလျှောက်နဲ့၊ စကားဆို တောင်လိုမဖောက်နဲ့၊ ဆိုရိုးစကားများ သိထားလျက် အသိခေါက်ခေါက် အဝင်နက်မဖြစ်ကြနဲ့။
- သူတို့ပြောသလို တီတီစီကို ဟီးရိုးလို့ မခေါ်ချင်၊ ဟီးရိုးအင်လိုသော အမည်ပေးချင်သည် စသည်ဖြင့် ယနေ့နိုင်ငံတော်၏ ကြိုးပမ်းတည်ဆောက်မှုကို အဖျက်အင်အားစု၏ နှောင့်ယှက်မှုများကို ဝိပြင်ရှာ တင်ပြလိုက်သည်။

ပြည်ထောင်စုအရေးမျှော်တွေးလို့မြင်စေချင်နှင့် အခြားဆောင်းပါးများ



အထူးအစီအစဉ်ဖြင့်ဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ကျပ် ၁၀၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
☎ - ၂၉၄၃၃၀၆

အမည်ပြောင်းခြင်း

ဦးမျိုးမင်း-ဒေါ်ချယ်ရီသိန်းတို့၏သား သရက်မြို့၊ အထက(၁)၊ ဒသမတန်း(A)မှ မောင်မျိုးသီဟသိန်းအား ယနေ့မှစ၍ မောင်ဟိဏ်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိဏ်းထက်ဇော်။**

အမည်ပြောင်းခြင်း

Dr.ထင်ကျော်-Dr.အေးအေးအောင်တို့၏သား၊ အထက(၁)ဒဂုံ၊ သတ္တမတန်း(ခ)မှ မောင်ဇော်သက်ထွန်းအား ယနေ့မှစ၍ မောင်ဈာန်ရဲထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဈာန်ရဲထက်။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆က/၁၀၁၄ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်း‌ရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ ရန်ကုန်တိုင်း။

အမည်ပြောင်းခြင်း

ဦးမျိုးခင်၏သမီး ရန်ကုန်မြို့၊ အထက(၂)လသာ၊ XDတွင် ပညာသင်ကြားနေသူ မပန်းအိဖြူအား ယနေ့မှစ၍ မရွှေစင်ဦးဟု ပြောင်းလဲခေါ်ပါရန်။
မရွှေစင်ဦး။

ကျောင်းရုံးဆပ်ပါမည်

ကျွန်တော်၏ C.D.C No.46800 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။
သန်းဝင်းထွန်း
ဖုန်း - ၂၁၂၈၃၉။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၂၄၆၅၇လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးမိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(တိုင်းရုံး) ပုသိမ်သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ တိုင်းရုံး၊ ပုသိမ်။

ဆရာဦးသောင်းလွင်၏အဆုတ်နာပျောက်ဆေးကိုမှီဝဲပါ။

TOP အမျိုးသမီးအပ်ချုပ်သင်တန်း
※ အခြေခံချုပ်နည်း ရွေ့ပြောင်းလည်းဆင်ကောင်းချုပ်နည်း ကုတ်အကျီ ရှပ်အင်္ကျီ အင်္ကျီချုပ်နည်း (ဇက်ဘီလ်ဘ)
သင်တန်းပြီးလျှင် ဆိုင်ဖွင့်နိုင်စေရမည်။

ရွှေပုပ္ပား အဆောင်ခြင်စီးသွားလုပ်ငန်း
ပုပ္ပား-ပုဂံ-နွယ်တော်လေးဆူ(ဘုရားဖူး) (10-9-2003)
အင်းလေးဖောင်တော်ဦးဘုရားပွဲ-တောင်ကြီး-ပင်းတယ(9-10-2003)
ဖုန်း ၄၁၀၀၅၁

KMD IAD သင်တန်းများဆက်လက်ဖွင့်လှစ်ခြင်း
- နိုင်ငံတကာအဆင့် ICT Professionals ဖြစ်ရန်အတွက် လုပ်ငန်းခွင်တွင်အသုံးဝင်သည့် ဘာသာရပ်များ ကောင်းစွာ သင်ကြားပေးသည့် သင်တန်းဖြစ်ပါသည်။
- International Advanced Diploma (IAD Second Year) အောင်မြင်ပြီးလျှင် Third Year Graduate Diploma ကို ဆက်လက်တက်ရောက်နိုင်ပြီး B.Sc. Honours Degree ရရှိမည်ဖြစ်ပါသည်။

Commencing Date
15 September, 2003
(7:00 to 11:00) Mon to Fri

Further Studies
IDEC/IDEC ⇨ IADCS ⇨ BCIS
(First Year) (Second Year) (Final Year)

KMD : 550-552, Merchants Road, Kyauktada Tsp., Ygn. Tel : 249155 / 371855

မွေးနေ့ဆုတောင်း

မိုလ်လောင်းဟိန်းထက်နောင် (ဒုတိယနှစ်)

၆–၉–၂၀၀၃မွေးနေ့ ရက်မြတ်မှသည် ကျန်းမာပျော်ရွှင်ပြီး ဘဝတစ်လျှောက်လုံး အောင်မြင်မှုများနှင့်ပြည့်စုံပါစေ–––။

ချစ်ဖေဖေ– ဦးစိန်မြင့် (ခရိုင်မန်နေဂျာ)မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့။
ချစ်မေမေ– ဒေါ်ခင်မြိုင်ကြည်
ချစ်မမ – မနုဝါလှိုင် B.Sc(Maths) မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့။
– ဂျူးဟေသီ။

ထားဝယ်တက္ကသိုလ်

တတိယအကြိမ်မြောက်

ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းရန်ကြေညာချက်

ထားဝယ်တက္ကသိုလ်မှ ၂၀၀၂– ၂၀၀၃ ပညာသင်နှစ်အတွက် ၂၀၀၃ခုမတ်လနှင့်ဇွန်လတွင်ကျင်းပခဲ့သော စတုတ္ထနှစ်(စနစ်ဟောင်း)၁၉၉၅အပထအောင်ဝိဇ္ဇာဘွဲ့ / သိပ္ပံဘွဲ့ စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများသည် တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

ဘွဲ့နှင်းသဘင်ကြေး – ကျပ် (၁၅၀၀/–)
အဝေးရောက်ဘွဲ့ကြေး – ကျပ် (၁၀၀၀/–)
လျှောက်လွှာပိတ်မည့်ရက် – ၂၀၀၃ခုနှစ် အောက်တိုဘာလ (၉)ရက်

မှတ်ချက်(၁)လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂ X ၁ ½)လက်မအရွယ် ဓာတ်ပုံ(၂)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
(၂) အခြားသော ပညာသင်နှစ်မှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(၃) ဘွဲ့နှင်းသဘင်လျှောက်လွှာကို ကိုယ်တိုင်လာရောက် တင်သွင်းသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတို့ကိုတင်ပြ၍ ထားဝယ်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။
(၄) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ထားဝယ်တက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။
(၅) ထားဝယ်မြို့နယ်မှ စာတိုက်ငွေပို့လွှာဖြင့် ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းခြင်းကို လုံးဝခွင့်မပြုပါ။
(၆) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ **အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်** စသည်များကို တိကျစွာ ဖော်ပြရမည်။
(၇) အသေးစိတ်အချက်အလက်များကို ထားဝယ်တက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။
(၈) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။

စောညွှန့်သောင်း
ဌာနမှူး၊ သင်တန်းရေးရာဌာန
၂၀၀၃ခုနှစ် ဩဂုတ်လ (၂၇)ရက် **ထားဝယ်တက္ကသိုလ်။**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

တောင်ကြီးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(တောင်ကြီးတက္ကသိုလ်)အစီအစဉ်ဖြင့် အောက်ဖော်ပြပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** – General Proficiency English
၂။ **သင်တန်းဝင်ခွင့်အရည်အချင်း–**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပညာအရည်အချင်းမှာ အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်သူဖြစ်ရမည်။ (အောင်မြင်ကြောင်းထောက်ခံစာမူရင်းမိတ္တူ ပူးတွဲတင်ပြရမည်။)
(ဂ) ဘွဲ့ကြိုသင်တန်းသားများနှင့် ဘွဲ့ရပြီးသူများ (သင်တန်းသားများကို အရည်အချင်းအရ လက်ခံမည်ဖြစ်ပါသည်။)
၃။ **သင်တန်းကာလအချိန်** –
၁။ (၃)လသင်တန်းဖြစ်ပါသည်။
၂။ သင်ကြားမည့်အချိန်မှာ နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအထိဖြစ်ပါသည်။
၄။ သင်တန်းဖွင့်မည့်ကာလ–(၁၁–၉–၂၀၀၃)မှ (၅–၁၂–၂၀၀၃)ထိဖြစ်ပါသည်။
၅။ စတင်လက်ခံမည့်ရက် –၂–၉–၂၀၀၃နေ့မှစ၍ လက်ခံပါမည်။
၆။ ဆက်သွယ်ရန်လိပ်စာ –လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ တောင်ကြီးတက္ကသိုလ်။
၇။ အသေးစိတ် အချက်အလက်များကို သိလိုပါက တောင်ကြီးတက္ကသိုလ် တယ်လီဖုန်းအမှတ်–၀၈၁ –၂၁၆၀၂သို့လည်းကောင်း၊ မော်ကွန်းထိန်း (ရုံး) တယ်လီဖုန်းအမှတ် – ၀၈၁ – ၂၁၀၉၀သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန်ထရိုက်တာ ဦးနေဝင်း (ကမ္ဘာကျော်ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး) သိစေရန်

စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၁)ရှိ ၆ထပ်(RCC)အဆောက်အအုံအား ဆောက်လုပ်နေစဉ် ဦးနေဝင်းနှင့် ကျွန်ုပ်၏အမှုသည်တို့ ကတိစာချုပ်ချုပ်ဆို၍ ကန်ထရိုက်ပိုင်အခန်းများကို ဝယ်ယူခဲ့ရာ ယခုအချိန်တွင် ဦးနေဝင်းအား ငွေအကြေပေးပြီးသူများ တိုက်တစ်လုံးပြီးလျှင်သော်လည်းကောင်း၊ လူနေထိုင်ခွင့်ပါမစ်ကျလျှင်သော်လည်းကောင်း၊ ပေးချေရန် ငွေအနည်းငယ်မှလွဲ၍ ငွေအားလုံးနီးပါး ဦးနေဝင်းသို့ စာချုပ်စာတမ်းများဖြင့် ပေးခဲ့သော်လည်း ဦးနေဝင်းမှ ၎င်းတို့ဝယ်ယူခဲ့သော အခန်းများကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်းမရှိဘဲ အချိန်ကာလကြာမြင့်စွာ ဆောက်လုပ်ခြင်းမပြုဘဲထားခဲ့ပြီး တစ်စုံတစ်ရာ ဆက်သွယ်ပြောဆိုခြင်းမပြုဘဲ တိမ်းရှောင်နေပါသဖြင့် ယခုကြေညာသည့်နေ့မှစပြီး (၇)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ရန် အသိပေးအပ်ပါသည်။ သို့မဟုတ်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ဒေါ်ခင်ခင်ရီ(ခ)နန်းကြည်အောင်(မြေညီထပ်)၊ (၂)ဒေါ်ခိုင်ခိုင်မြင့် (၂လွှာ)၊
၃။ဒေါ်ခင်မျိုးဝေ(ငွေတောင်)–ဦးတင်မောင်စိုး(၃လွှာ)၊ (၄)ဒေါ်ဇာဇာအောင်(သိုင်းချောင်း)(၄လွှာ)၊
၅။ဒေါ်မြင့်ကြည်–ကိုနေလင်းဦး (၅လွှာ)၊ (၆)ဒေါ်သင်းသင်းလှိုင် (၆လွှာ)
(ကန်ထရိုက် ဦးနေဝင်းထံမှအခန်းဝယ်ယူထားသူများ)

အမှုသည်တို့၏လွှဲအပ်ညွှန်ကြားချက်အရ–ဦးဘုန်းမြင့် (LL.B)
တရားရုံးချုပ်ရှေ့နေ (၃၁၅၈)
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထား သွားလာပို့ဆောင်ရေးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(1) 3" သော့ခလောက် - 1500 Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၅–၉–၂၀၀၃(တနင်္လာ) (၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်– ၁၅–၉–၂၀၀၃ (တနင်္လာ) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံကို အောက်ပါဌာနတွင် ၈–၉–၂၀၀၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၄၊ ၆၁၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ရှေ့နေချုပ်ရုံး

ကြော်ငြာစာအမှတ် ၂/၂၀၀၃

လျှောက်လွှာများခေါ်ယူခြင်း

၁။ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစာနှုန်းကျပ်(၅၄၀၀–၁၀၀–၅၉၀၀)ရရှိသော ဥပဒေအရာရှိအဆင့်(၄)ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနည်းဆုံးဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီ)ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၃၁–၈–၂၀၀၃ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူ၊ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။ (မဟာဥပဒေဘွဲ့ အယ်လ်အယ်လ်အမ်ဖြစ်ပါက အသက်လျှော့ပေါ့စဉ်းစားမည်။)
(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

၂။ စာမေးပွဲဝင်ကြေး ၅ဝိ/–(ငါးဆယ်ကျပ်တိတိ)ကို မြို့နယ်များရှိ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံးငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)၌ ငွေစာရင်းအမှတ်၊ အမ်ဒီ ၀၀၂၀၁၄သို့လည်းကောင်း ပေးသွင်းရမည်။
၄။ သတ်မှတ်ထားသောလျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလန်မူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၁၀ဝိ/–နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ (ဝန်ထမ်းဖြစ်ပါ လျှောက်လွှာပုံစံနှစ်စောင် ဝယ်ယူရပါမည်။)
၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည်။
(က) ဥပဒေဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူများ
(ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း
(ဂ) အသက်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ(သို့မဟုတ်)အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူမှန်
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ သတင်းစာပထမအကြိမ်ကြော်ငြာပါသည့်နေ့နောက်ပိုင်းထောက်ခံချက်မူရင်း
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်

၆။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပြန်လည်အရောက် ပေးပို့ရမည်။
၇။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့သို့လည်းကောင်း၊ လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့လည်းကောင်း ပြန်လည်အရောက် ပေးပို့ရမည်။
၈။ လျှောက်လွှာပိတ်ရက်မှာ ၁၅–၁၀–၂၀၀၃ရက်နေ့ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ နေ့ရက် အချိန် နေရာတို့ကို သတင်းစာများတွင် အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။
၉။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည်။
(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) အထွေထွေဗဟုသုတ
(ဃ) ဥပဒေ(ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေ)
၁၀။စည်းကမ်းနှင့်မကိုက်ညီသော(သို့မဟုတ်)မပြည့်စုံသော(သို့မဟုတ်)သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။
